# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၂) ရက် ၊ သောကြာနေ့ ၊ (29-12-2023) ၊ အတွဲ (၃၂)၊ အမှတ် (၂၄၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ကေပွိ ၅၀၀ လှိုင်သာယာ(အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံနှင့် ကေပွိ ၅၀၀ ဘုရားကြီးဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းများ ၂၀၂၄ ခုနှစ်အတွင်း ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဘဲ့ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ကေပွိ ၅၀၀ လှိုင်သာယာ (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံနှင့် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့နယ်ရှိ ကေပွိ ၅၀၀ ဘုရားကြီး ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် လှိုင်သာယာမြို့နယ်ရှိ

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့**

## အနော်ရထာတံတား (ချောက်) ရေလမ်းပြောင်းလဲမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

အနော်ရထာတံတား(ချောက်) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ်(၅)နှင့် (၆)ကြားမှလည်းကောင်း၊ အဆန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ်(၄)နှင့် (၅)ကြားမှလည်းကောင်း သတ်မှတ်ပေးထားပါသည်။

ယခုအခါ ရေကြောင်းရေလမ်းအခြေအနေအရ တံတားရေလမ်းကြောင်းကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ အစုန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့် (၅)ကြားမှလည်းကောင်း၊ အဆန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)ကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့်ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲတွန်းရေယာဉ်များတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




ရတနာပုံ
၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်

အယ်ဒီတာ့အာဘော်

# လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ကျောက်ဖြူရေနက်ဆိပ်ကမ်း

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာရှိ အထူးစီးပွားရေးဇုန်များကို ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ပို့ကုန်ပိုမိုတိုးမြှင့်တင်ပို့နိုင်ခြင်း၊ စီးပွားရေးပိုမိုကျယ်ပြန့်လာစေရန် ချိတ်ဆက်ပေးနိုင်ခြင်း၊ ကမ္ဘာ့တန်ဖိုးကွင်းဆက် **(Global Volue Chain)** ကို အထောက်အကူပြုစေခြင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ ထုတ်ကုန်အမျိုးအစားများစွာ ထုတ်လာနိုင်ခြင်းများကြောင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်သည့်အတွက် ထူထောင်ဆောင်ရွက်နေခြင်းဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် သီလဝါအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်ဟူ၍ အထူးစီးပွားရေးဇုန်သုံးခု ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်းအကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိပေသည်။

ကျောက်ဖြူမြို့နယ်သည် ဘင်္ဂလားပင်လယ်အော်ကမ်းခြေတွင်တည်ရှိပြီး အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာမြောက်တန်ဖိုးကြီးမားသည့် နေရာတစ်ခုဖြစ်သည်။ ထိုကဲ့သို့တန်ဖိုးရှိပြီး စီးပွားရေးအခွင့်အလမ်းများစွာရှိနေခြင်းကြောင့် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် နိုင်ငံတော်အနေဖြင့် ကျောက်ဖြူဒေသကို အထူးစီးပွားရေးဇုန်တစ်ခုထူထောင်ရန် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့သည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်အတွင်း တည်ဆောက်မည့် ရေနက်ဆိပ်ကမ်းစီမံကိန်းသည် ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားစွာဖြင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်စေမည့် စီမံကိန်းကြီးတစ်ခုဖြစ်လာမည်ဖြစ်ပေသည်။

ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် အစုရှယ်ယာရှင်များနှင့် သက်ဆိုင်သော သဘောတူစာချုပ်နှင့် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ်များကို ၂၀၂၀ ပြည့်နှစ်ကတည်းကချုပ်ဆိုနိုင်ခဲ့သည်။ ယခုအခါ ရေနက်ဆိပ်ကမ်းကို ဆောလျင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယခင်လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် ပိုမိုပြည့်စုံစေရန်နှင့် ပိုမိုရှင်းလင်းတိကျစွာ နားလည်သဘောပေါက်ရန် လိုအပ်သည့်အတွက် နောက်ဆက်တွဲစာချုပ် **(Addendum)** ကို ဒီဇင်ဘာ ၂၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပေသည်။

ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းသည် မြန်မာနိုင်ငံအတွက် ကျောက်ဖြူဒေသအပါအဝင် ရခိုင်ပြည်နယ်ရှိ ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝတိုးတက်မှုကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ပေသည်။ မြန်မာ-တရုတ် နှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး ကျောက်ဖြူစီမံကိန်းကြီးမှတစ်ဆင့် တောင်အာရှ၊ အနောက်အာရှနှင့် အာဖရိကမှ တင်သွင်းမည့် ကုန်ပစ္စည်းများကို တရုတ်ပြည်မကြီးသို့ စကြ်ာလမ်းကြောင်းအသုံးပြု၍ သယ်ယူပို့ဆောင်ခြင်းဖြင့် အချိန်နှင့် ကုန်ကျစရိတ်များ အထူးသက်သာမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းသည် မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာအဆင့်မီ ရေနက်ဆိပ်ကမ်းအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်လာမည်ဖြစ်ပေသည်။ ထို့ကြောင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပေးနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်းအရောင်းအဝယ်ပြုလုပ်သူ တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်ထိရှိလာ



**မန္တလေး ဒီဇင်ဘာ ၂၈**

ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်း ပဲ၊ ပြောင်း၊ နှမ်း အရောင်းအဝယ်ပြုလုပ်သူ တစ်ရက်လျှင် ဦးရေ ၇၀၀ကျော်ထိရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူးဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်းကုန်စည်များကို ပုံမှန်အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း၊ ဒီဇင်ဘာလ နောက်ဆုံးပတ်မှစ၍ ၎င်းကုန်စည်ဒိုင်အတွင်း အရောင်းအဝယ်ပြုလုပ်သူ များပြားလာကြောင်း သိရသည်။

"အခုက ပဲ၊ ပြောင်း၊ နှမ်းကုန်စည်အားလုံးနီးပါး အရောင်းအဝယ်ပြန်ပြီးကောင်းလာတယ်။ ကုလားပဲ၊ မတ်ပဲနဲ့ နှမ်းကတော့ အရောင်းအဝယ် ပြန်ကောင်းနေတယ်။ အဝယ်မလိုက်ဘဲအရောင်းအဝယ်သိပ်မကောင်းတဲ့ ကုန်စည်ကတော့ အနည်းငယ်လောက်ပဲရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်းအရောင်းအဝယ်ပြုလုပ်သူ ဦးရေမှာ ဒီဇင်ဘာလ တတိယပတ်က တစ်ရက်လျှင်ဦးရေ ၆၀၀ ကျော်သာ ရှိခဲ့သော်လည်း ဒီဇင်ဘာလ နောက်ဆုံးပတ်မှစ၍ အရောင်းအဝယ်ပြုလုပ်သူ ဦးရေမှာ တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

"အခုလတ်တလော ကုန်စည်ဒိုင်ထဲမှာ မြေထောက်ပဲ၊ နိုင်လွန်ပဲ အမျိုးအစားတွေကိုလဲ ကုန်သည်တွေအနေနဲ့ အဝယ်များလာတယ်။ ကြိုက်ရောင်းကြိုက်ဝယ်ပုံစံမျိုးတွေ များလာတယ်။ ပဲ၊ ပြောင်း၊ နှမ်းကုန်စည်အားလုံးကတော့ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ကုန်စည်ဒိုင်ကို နေ့စဉ် နံနက် ၈နာရီမှ ညနေ ၄နာရီထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ (၁၈၄)

# ယခုဘဏ္ဍာနှစ်အတွင်း အသေးစားစီးပွားရေးလုပ်ငန်းများထူထောင်နိုင်ရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ၄၅ ကြိမ်ဖွင့်လှစ်ပေးထား

**မန္တလေး ဒီဇင်ဘာ ၂၈**

ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးရှိ ပြည်သူများ တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများထူထောင်နိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ၄၅ ကြိမ် ဖွင့်လှစ်သင်ကြားပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ သိရသည်။

အဆိုပါ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရခြင်းသည် ကျေးလက်နေပြည်သူများ၊ လူငယ်၊ လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကိုရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ၎င်းသင်တန်းများကို ယခုဘဏ္ဍာနှစ်အတွင်း ၄၇ ကြိမ်ဖွင့်လှစ်ရန် လျာထားပြီး ဇွန်လမှစ၍ ဖွင့်လှစ်သင်ကြားပေးနေရာ ယနေ့ထိ သင်တန်း ၄၅ ကြိမ် ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြသည်။

"သင်တန်းတွေကိုတော့ ဌာနကနေပြီးပေးတဲ့ သင်တန်းရှိသလို မိတ်ဖက်ဌာနတွေနဲ့လဲ ဖွင့်လှစ်တာရှိတယ်။ ဒီဘဏ္ဍာနှစ်မှာတော့ ၄၇ ကြိမ်ဖွင့်လှစ်သွားမှာပါ။ အသက်မွေးဝမ်းကျောင်း သင်တန်းတွေ သင်ကြားပေးနေတာကတော့ လူသုံးကုန်နဲ့ အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လျှပ်စစ်သံဂဟေဆက်သင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း၊ လျှပ်စစ်မော်တာ စက်ချုပ်သင်တန်း၊ အခြေခံစက်ချုပ်သင်တန်းနဲ့ လျှပ်စစ်ဝိုင်ယာရိန်းသင်တန်း စတဲ့သင်တန်းတွေ စုစုပေါင်း ၄၅ ကြိမ်ဖွင့်လှစ်သင်ကြားပို့ချပေးထားပြီးပါပြီ။ သင်တန်းဖွင့်လှစ်ပေးတဲ့ အမျိုးအစားအလိုက် သင်တန်းကာလတွေကတော့ မတူကြပါဘူး။ သင်တန်းဆင်းသွားသူတွေက မိမိတို့ဒေသမှာ တစ်နိုင်တစ်ပိုင်လုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်နေကြတာကို တွေ့ရပါတယ်"ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများကို စာတွေ့၊ လက်တွေ့နည်းများဖြင့် အခမဲ့သင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ သင်ကြားပေးခြင်းကြောင့် မိသားစုအိုးမကွာအိမ်မကွာနှင့် နေနိုင်ပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများကို ထူထောင်လာနိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများလည်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေပြီး ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်ခြင်းကြောင့် ဝင်ငွေများလည်း တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၁၈၅)

# တရုတ်နိုင်ငံက ဝယ်ယူမှုကြောင့် မန္တလေးဈေးကွက်အတွင်း မြေပဲလုံးဆန်များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၂၈**

ယခုရက်ပိုင်းတွင် တရုတ်နိုင်ငံက ဝယ်ယူမှုကြောင့် မန္တလေးဈေးကွက်အတွင်း မြေပဲလုံးဆန်များ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်အတွင်းသို့ နွားထိုးကြီး၊ ပုဂံ၊ ညောင်ဦး၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ချောက်စသည့်ဒေသအသီးသီးမှ မြေပဲလုံးဆန်များ ဝင်ရောက်လာကြောင်း၊ အဆိုပါ မြေပဲလုံးဆန်များကို တရုတ်နိုင်ငံက ဝယ်ယူမှုများကြောင့် ယခုလက်ရှိတွင် မြေပဲလုံးဆန်(အနီ) တစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀၊ မြေပဲလုံးဆန်ဒ-1(အဖြူ)တစ်ပိဿာလျှင် ငွေကျပ် ၇၁၀၀ ဈေးနှုန်းတို့ဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

"အခုရက်ပိုင်း နှစ်သစ်ကူးကာလအချိန်မှာ တရုတ်ဝယ်လက်တွေက မြေပဲလုံးဆန်တွေကို ပြန်လည်ဝယ်ယူနေတာကြောင့် မန္တလေး ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေ ကောင်းနေတယ်။ အရင်က အရောင်းအဝယ်တွေ အေးနေပါတယ်။ မန္တလေးဈေးကွက်မှာ အခုအချိန် နယ်စုံဒေသက ဆောင်းမြေပဲတွေလဲ လှိုင်လှိုင်ဝင်ရောက်နေပါတယ်။ အခုလို ဝင်ရောက်နေတာကြောင့် မြေပဲဆီဆန်တွေလဲ အရောင်းအဝယ်တွေ ကောင်းလာပါတယ်"ဟု စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

မြေပဲသီးနှံကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကန့်ကြီးထောင့်မြို့နယ် အနောက်စုကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကန့်ကြီးထောင့် ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း(Smart Village) ခွင့်ပြုရန်ပုံငွေဖြင့် အနောက်စုကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်၊ ကန့်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သဉ္ဇာညွန့်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ အနောက်စုကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်က လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ကန့်ကြီးထောင့်မြို့နယ် အနောက်စုကြီးကျေးရွာ၌ အရှည်ပေ ၁၅၀၀ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း (Smart Village) ခွင့်ပြုရန်ပုံငွေကျပ် ၄ ဒသမ ၀၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ယခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက အနောက်စုကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေးသောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်ထံမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## လမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်မည့်အစီအစဉ် အသိပေးကြေညာချက်

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညအချိန်တွင် နှစ်သစ်ကူးပွဲတော် ပျော်ပွဲရွှင်ပွဲ အစီအစဉ်ကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆ လမ်း×၆၆ လမ်းဆုံတွင် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပွဲတော်လာပြည်သူများ လုံခြုံစိတ်ချစွာပျော်ရွှင်နိုင်ရေး၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေးတို့အတွက် လမ်းပိတ်၊ လမ်းလွှဲ အစီအစဉ်ကို အောက်ပါအတိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

၁။ ၂၄ လမ်း×၆၆ လမ်းဆုံ၊ ၂၆ လမ်း×၆၅ လမ်းဆုံ၊ ၂၇ လမ်း×၆၆ လမ်းဆုံ၊ ၂၆ လမ်း×၆၈ လမ်းဆုံတို့တွင် လမ်းပိတ်၍ မည်သည့်ယာဉ်မှ ဝင်ခွင့်မပြုဘဲ ပွဲတော်လာပြည်သူလူထုသာ ခြေကျင်ဝင်ခွင့်ပြုစေပါမည်။

၂။ ၁၉ လမ်း×၆၆ လမ်းဆုံ၊ ၂၆ လမ်း×၆၂ လမ်းဆုံ၊ လမ်း ၃၀×၆၆ လမ်းဆုံ၊ ၂၆ လမ်း×၇၃ လမ်းဆုံတို့တွင် လမ်းလွှဲ၍ ပွဲတော်လာယာဉ်များနှင့် အဆိုပါနေရာများအတွင်း နေထိုင်သည့်ယာဉ်များသာ ဝင်ထွက်ခွင့်ပြုမည်ဖြစ်ပြီး အခမ်းအနားနေရာ ၂၆ လမ်း×၆၆ လမ်းဆုံ ဖြတ်သန်းသွားမည့်ယာဉ်များ ဝင်ခွင့်မပြုဘဲ အခြားလမ်းလွှဲမှမောင်းနှင်ဆောင်ရွက်စေပါမည်။

သို့ပါ၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ည ၆ နာရီမှ ပွဲတော်ပြီးဆုံးချိန်ထိ အထက်ဖော်ပြပါလမ်းများကို ခေတ္တလမ်းပိတ်၊ လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

# ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၆၆၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၆၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြ၍ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၇၀၇၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၆၆၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ ကုလားပဲ ဧက ၇၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ဒီနှစ်က ဆောင်းကုလားပဲ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ကုလားပဲစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းတဲ့မျိုးတွေ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ဆောင်းကုလားပဲ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၂၄၂၉ ဧက၊ ကျွန်းလှမြို့နယ်တွင် ၂၃၉ ဧက စုစုပေါင်း ၂၆၆၈ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ဧက ၆၈၄၀၊ ကျွန်းလှမြို့နယ်တွင် ၂၃၇ ဧက စုစုပေါင်း ၇၀၇၇ ဧက ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် ကုလားပဲစိုက် တောင်သူများကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် သရက်ကန်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်ကန်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များက သရက်ကန်တောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၈၀ ကို ငွေကျပ် ၅၃ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# မအူပင်မြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ နိုဝင်ဘာလက ငရုတ်သီးခြောက်ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**မအူပင် ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ နိုဝင်ဘာလက ငရုတ်သီးခြောက်ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မအူပင်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ အောက်တိုဘာလက ငရုတ်သီးခြောက်ပိဿာချိန် ၄၅၀၀၀ ထိသာတင်ပို့ရောင်းချခဲ့ရပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငရုတ်သီးခြောက် ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၄၅၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။

"နိုဝင်ဘာလအတွင်းက မအူပင်မြို့နယ်ကနေ မော်လမြိုင်ကျွန်းမြို့နယ်ကို ငရုတ်သီးခြောက်ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသလယ်ယာထွက်ကုန်တွေကို အခြားမြို့တွေကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ကိုယ့်ဒေသအတွင်း ချိတ်ဆက်အရောင်းအဝယ်လုပ်ရတော့ ကုန်ကျစရိတ်သက်သာပြီး အလုပ်လုပ်ရတာလဲ အဆင်ပြေပါတယ်။ အခုနှစ် ဒေသထွက်ငရုတ်သီးတွေက အရည်အသွေးကောင်းပါတယ်"ဟု မအူပင်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲ၍ ငရုတ်သီးစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး တောင်သူတစ်ဦးလျှင် ငရုတ်တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြကြောင်း၊ လက်ရှိ ငရုတ်သီးခြောက်များ တင်ပို့ရောင်းချမှု အားကောင်းလာခြင်းကြောင့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်လာကြောင်း မအူပင်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**



# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## ခရီးသွားရာသီ

\- ဝသန်ကုန် ဟေမာန်ကူးတော့
လေပြန်ရူးတို့ တိုက်ခတ်ချိန်၊
ငွေနှင်းမှုန် ပုလဲပွင့်
တွဲဆင့်ရှမ်းထိန်၊
ရှစ်ခွင်တိုင်း ဝလာတိမ်
အသူရိန် မလွှမ်းမိုး၊
မြိုင်အခြေ မပူပေ့
မြူငွေ့အုပ်စိုး။

\- လှရာသီ ဝသန်မိုးတို့
အဖျက်ဆိုး ဘယ်မကြုံ၊
အလိုရှိရာ ဘဝလမ်း
လျှောက်လှမ်းနိုင်စုံ၊
ဟေမန္တမှ အေးရိပ်ခြုံ
ထွေးသိပ်ပုံ သွေ့ရင်ဝ၊
မြိုင်တစ်ခွင် စိမ်းစိုလန်း
အေးချမ်းပေစွ။

\- ခရီးလည် ရာသီစတဲ့
ဌာနီလှတဲ့ မြန်မာပြည်၊
မြေပြန့်တောင်ပေါ် နေရာအနှံ့
ခြေဆန့်နိုင်ပြီ၊
ပသာဒ ရှုမဝသည်
တုပမမီ အချိန်ကောင်း၊
မျှားပြည်သူ စိတ်နှလုံး
ရွှင်ပြုံးတဲ့ဆောင်း။ ။

**ခေတ်သစ်(ကြွေပုဂံ)**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၇၇၃၅ ဧက စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၇၇၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၇၇၃၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၇၃၅ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ထောပတ်ပဲ ၇၇၃၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ထောပတ်ပဲ ၇၇၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီဒေသမှာ စိုက်ပျိုးရေလဲအဆင်ပြေတော့ထောပတ်ပဲသီးနှံက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းပါတယ်။ ထောပတ်ပဲက ဈေးကောင်းလဲရရှိတာကြောင့် ဒေသခံတောင်သူတွေက နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အားထားစိုက်ပျိုးကြပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး ဒေသခံတောင်သူတွေကို သီးနှံအထွက်နှုန်းတိုးပွားဖို့နဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးသလို လိုအပ်တဲ့ စိုက်ပျိုးရေး နည်းပညာတွေကိုလဲ ကူညီဆောင်ရွက်ပေးထားပါတယ်။ ဒါ့ပြင် သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ဖို့အတွက် သဘာဝပိုးသတ်ဆေး ပြုလုပ်အသုံးပြုပုံ၊ အချိန်မီရိတ်သိမ်းမှု စတဲ့အသိပညာပေးလုပ်ငန်းတွေလဲ ဆောင်ရွက်ပေးထားပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲသီးနှံကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ အချို့တောင်သူများက အပိုဝင်ငွေရရှိစေရန် သီးညှပ်အဖြစ် ဖူးစားပြောင်းသီးနှံများ ရောနှော စိုက်ပျိုးကြကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ဆက်လက်ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဗန်းမော်မြို့နယ် မံရေးကျေးရွာတွင် သဘာဝမြေဩဇာပြုလုပ်နည်းသင်တန်းပို့ချ

**ဗန်းမော် ဒီဇင်ဘာ ၂၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သဘာဝမြေဩဇာ ပြုလုပ်နည်း သင်တန်းပို့ချခြင်းကို ဒီဇင်ဘာ ၂၇ ရက်က မံရေးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဗန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်ဇော်လင်းက ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် သဘာဝမြေဩဇာများကို အသုံးပြုခြင်းဖြင့် သီးနှံများ အထွက်နှုန်းကောင်းမွန်စေပြီး ကုန်ကျစရိတ်သက်သာစွာ စိုက်ပျိုးထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗန်းမော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးအောင်က သင်တန်းသား၊ သင်တန်းသူများကို စိုက်ပျိုးရေးလုပ်ငန်းသုံး စွန့်ပစ်ပစ္စည်းများဖြင့် စူပါအီးအမ်ဘိုကာရှိသဘာဝမြေဩဇာပြုလုပ်နည်း၊ ပိုးသတ်ဆေးအသုံးပြုနည်းတို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသည်။

အဆိုပါသင်တန်းသို့ မံရေးကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၅၀ တက်ရောက်ကြပြီး သင်တန်းတွင် သဘာဝမြေဩဇာပြုလုပ်နည်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ကျွမ်းကျင်နည်းပြများက တစ်ရက်တာ သင်ကြားပို့ချပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင်ဇော်လင်းထံမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မဘိမ်းမြို့နယ် မလှိုင်းကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်တံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မဘိမ်း ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၆၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မလှိုင်းကုန်းကျေးရွာ ကြို့တပင်ကွင်း ကျေးလက်ကုန်ထုတ်လမ်းပေါ်တွင် ကျေးလက်ကုန်ထုတ်တံတားတည်ဆောက်ပြီးစီးမှုအခြေအနေကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မဘိမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများက တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ မလှိုင်းကုန်းကျေးရွာ ကြို့တပင်ကွင်းကျေးလက်ကုန်ထုတ်လမ်းပေါ်တွင် ကျေးလက်ကုန်ထုတ်တံတားတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မလှိုင်းကုန်းကျေးရွာ ကြို့တပင်ကွင်း ကျေးလက်ကုန်ထုတ်လမ်းပေါ်တွင် အရှည်ပေ ၂၀၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်ပေရှိ ကျေးလက်ကုန်ထုတ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၆၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရွှေမိုးမြေလျှံကုမ္ပဏီက ယခုနှစ် စက်တင်ဘာလစတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်တံတား ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၂၅၃ အိမ်၊ လူဦးရေ ၁၀၉၀ တို့၏ စိုက်ပျိုးမြေများကို အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါစိုက်ပျိုးမြေဧကများမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မဘိမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအုန်းမြင့်ထံမှ သိရသည်။

**သန်းလွင်(မကွေး)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# နိုင်ငံတကာ သတင်းများ

## ရုရှားနိုင်ငံ၌ ခရီးသည်တင်လေယာဉ်တစ်စင်း ရေခဲနေသောမြစ်ပေါ်သို့ မှားယွင်းစွာဆင်းသက်ခဲ့



**မော်စကို ဒီဇင်ဘာ ၂၈**

ရုရှားပုဂ္ဂလိကလေကြောင်းလိုင်းတစ်ခုကပိုင်ဆိုင်သော အန်တိုနော့ဗ်-၂၄ အမျိုးအစားခရီးသည်တင်လေယာဉ်တစ်စင်းသည် ယနေ့တွင် ရုရှားအရှေ့ဖျားဒေသရှိ ရေခဲနေသော မြစ်တစ်စင်းပေါ်သို့ မှားယွင်းစွာ ဆင်းသက်ခဲ့ကြောင်း သိရသည်။

ဆိုဗီယက်ပြည်ထောင်စုခေတ်တွင် တည်ဆောက်ခဲ့သော အဆိုပါ အန်တိုနော့ဗ်-၂၄ ခရီးသည်တင်လေယာဉ်ကို ပိုလာအမည်ရှိပုဂ္ဂလိကလေကြောင်းကုမ္ပဏီတစ်ခုက ပိုင်ဆိုင်ထားခြင်းဖြစ်သည်။

အဆိုပါလေယာဉ်သည် လေယာဉ်မှူး၏ အမှားကြောင့် ဇိုင်ယန်ကာ နိုင်ငံတကာလေဆိပ်အနီးရှိ ကိုလီတာအမည်ရှိ ရေခဲနေသောမြစ်ပေါ်သို့ ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါလေယာဉ်သည် ရေခဲနေသည့်မြစ်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့ပြီး ခရီးသည်များကိုလည်း ဘေးကင်းရာသို့ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကနဦးရရှိထားသည့် သတင်းအချက်အလက်များအရ လေယာဉ်ကိုထိန်းကျောင်းမောင်းနှင်နေသည့် လေယာဉ်မှူး၏ အမှားကြောင့် လေယာဉ်မှာ ရေခဲနေသောမြစ်ပေါ်သို့ ဆင်းသက်ခဲ့ခြင်းဖြစ်ကြောင်း ရုရှား အရပ်ဘက်လေကြောင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါလေယာဉ်သည် ဇိုင်ယန်လေဆိပ်အနီး ရေခဲနေသောမြစ်ပေါ်သို့ ဘေးကင်းစွာဆင်းသက်ခဲ့သည်ဟု ပိုလာလေကြောင်းလိုင်းက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ပြည်တွင်းငွေကြေးစနစ်များဖြင့် ကုန်သွယ်ရေး ငွေပေးချေရန် ရုရှားနှင့်အီရန်သဘောတူ

**တီဟီရန် ဒီဇင်ဘာ ၂၈**

ကုန်သွယ်ရေးငွေပေးချေမှုများအတွက် အမေရိကန်ဒေါ်လာအစား ပြည်တွင်းငွေကြေးစနစ်များပြောင်းလဲအသုံးပြုရေး သဘောတူညီချက်ကို ရုရှားနိုင်ငံနှင့်အီရန်နိုင်ငံတို့က အပြီးသတ်ရယူနိုင်ခဲ့ကြောင်း အီရန်မီဒီယာများက ဒီဇင်ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားနှင့် အီရန်ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများ မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အဆိုပါသဘောတူညီချက်ကို အပြီးသတ်ရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားနှင့် အီရန်နှစ်နိုင်ငံစလုံးသည် အမေရိကန်နိုင်ငံနှင့်အနောက်အုပ်စုနိုင်ငံများ၏ စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများကို ရင်ဆိုင်နေကြရသည်။

အဆိုပါသဘောတူညီချက်အရ ရုရှားနှင့်အီရန်ဘဏ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် အနောက်အုပ်စု၏ ဆွစ်ဖ်ဘဏ်ငွေပေးချေမှုစနစ်တွင် မပါဝင်သည့်ဘဏ်များ၌ ပြည်တွင်းငွေကြေးစနစ်များဖြင့်ပေးချေနိုင်မည်ဖြစ်ကြောင်း အီရန်မီဒီယာများ၏သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရုရှားနိုင်ငံ ဦးဆောင်သည့် ယူရေးရှားစီးပွားရေးသမဂ္ဂ(အီးအီးယူ)အဖွဲ့ဝင်နိုင်ငံများသည် ယခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် အီရန်နိုင်ငံနှင့်လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးထားသည်။

ယူကရိန်းစစ်ပွဲအတွက် အနောက်အုပ်စုနိုင်ငံများက စီးပွားရေးအရေးယူမှုများပြုလုပ်ခဲ့ပြီးနောက် အီရန်နိုင်ငံသည် ရုရှားနိုင်ငံအတွက်အရေးပါသည့် မိတ်ဖက်နိုင်ငံဖြစ်လာခဲ့ကြောင်း သိရသည်။**Ref : RT**
**Trs : KKO**



## ဖိလစ်ပိုင်နိုင်ငံ၏ အကြိမ်ကြိမ်ရန်စမှုများကို မသိကျိုးကျွံပြုနေမည်မဟုတ်ဟု တရုတ်သတိပေး

**ပေကျင်း ဒီဇင်ဘာ ၂၈**

ဖိလစ်ပိုင်နိုင်ငံ၏ အကြိမ်ကြိမ်ရန်စမှုများအနှောင့်အယှက်ပေးနေမှုများကို တရုတ်နိုင်ငံအနေဖြင့် မသိကျိုးကျွံပြုနေလိမ့်မည်မဟုတ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင်သတိပေးလိုက်သည်။

တောင်တရုတ်ပင်လယ်ဒေသ၌ တရုတ်နှင့် ဖိလစ်ပိုင်တို့အကြား ပင်လယ်ရေကြောင်း ထိပ်တိုက်ရင်ဆိုင်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးတင်းမာနေစဉ် တရုတ်ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုပါသတိပေးချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

တရုတ် ကမ်းခြေစောင့်တပ်ရေယာဉ်များနှင့် အခြားရေယာဉ်များသည် တောင်တရုတ်ပင်လယ်ဒေသ စကြင်းသောမတ်ရေမြှုပ်သဲသောင်ဆွယ်ရေပြင်၌ ဖိလစ်ပိုင်ရိက္ခာတင်သင်္ဘောများကို အနှောင့်အယှက်ပေး ဟန့်တားခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံက ပြောကြားထားသည်။

သို့သော် ဖိလစ်ပိုင်၏အဆိုပါ စွပ်စွဲချက်ကို တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ငြင်းပယ်ခဲ့ပြီး ဖိလစ်ပိုင်သင်္ဘောများက တရုတ်အချုပ်အခြာပိုင်ရေပြင်ကို ချိုးဖောက်ဝင်ရောက်၍ တရုတ်သင်္ဘောများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားထားသည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် သဘောထား ကွဲပြားမှုများကို တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းရန်ကြိုးစားနေသော်လည်း ဖိလစ်ပိုင်၏ အကြိမ်ကြိမ်ရန်စမှုများကို မသိကျိုးကျွံပြုနေလိမ့်မည်မဟုတ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

စကြင်းသောမတ်နယ်မြေတွင် ဖိလစ်ပိုင်နိုင်ငံက စစ်သင်္ဘောဟောင်းတစ်စီးသောင်ထိုး၍ နေရာယူထားသော်လည်း ယင်းရေပြင်ဒေသကို တရုတ်နိုင်ငံကလည်း ပိုင်ဆိုင်ခွင့်တောင်းဆိုထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ပါလက်စတိုင်းလိုလားသူ ဆန္ဒပြသမားများ အမေရိကန်လေဆိပ် နှစ်ခုကို လမ်းပိတ်ဆန္ဒပြ

**နယူးယောက် ဒီဇင်ဘာ ၂၈**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်နိုင်ငံတကာလေဆိပ်နှင့်နယူးယောက်မြို့ ဂျွန်အက်ဖ်ကနေဒီနိုင်ငံတကာ လေဆိပ်ဝန်းကျင်၌ ဒီဇင်ဘာ ၂၇ ရက်က ပါလက်စတိုင်းလိုလားသူ ဆန္ဒပြသမားများက ယာဉ်သွားလမ်းများကို ပိတ်ဆို့၍ ဂါဇာစစ်ပွဲကို ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆန္ဒပြပွဲများအတွင်း အမေရိကန် ရဲတပ်ဖွဲ့ဝင်များသည် ဆန္ဒပြသမား ၃၆ ဦးကိုဖမ်းဆီးခဲ့ကြောင်း သိရသည်။

လော့စ်အိန်ဂျလိစ်နိုင်ငံတကာလေဆိပ်နှင့် ဂျွန်အက်ဖ်ကနေဒီနိုင်ငံတကာလေဆိပ်တို့သည် အမေရိကန်နိုင်ငံ၏ အလုပ်အများဆုံးလေဆိပ်များဖြစ်ကြသည်။

လော့စ်အိန်ဂျလိစ်လေဆိပ်နှင့် ဂျွန်အက်ဖ်ကနေဒီလေဆိပ် ဆန္ဒပြပွဲများတွင် ဆန္ဒပြသမားများက ရဲတပ်ဖွဲ့ဝင်များကို ရန်ပြုခဲ့ကြပြီး လေဆိပ် အဝင်လမ်းများကိုလည်း ကွန်ကရစ်တုံးများ၊ သစ်ကိုင်းများဖြင့် ပိတ်ဆို့ခဲ့ကြကြောင်း အမေရိကန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဆန္ဒပြသမားများ၏ လေဆိပ်အဝင်လမ်း ပိတ်ဆို့ထားမှုများကို လေဆိပ်ရဲတပ်ဖွဲ့က ရှင်းလင်းနိုင်ခဲ့ပြီး လေဆိပ်လုပ်ငန်းလည်ပတ်မှု အထိအခိုက်မရှိခဲ့ကြောင်း လော့စ်အိန်ဂျလိစ်လေဆိပ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အောက်တိုဘာ ၇ ရက်တွင် စတင်ခဲ့သည့် ဂါဇာစစ်ပွဲအတွင်း အနည်းဆုံး ပါလက်စတိုင်းဦးရေ ၂၁၀၀၀ သေဆုံးခဲ့ရပြီး ဦးရေ ၅၅၀၀၀ ကျော် ဒဏ်ရာများရခဲ့ကြောင်း ပါလက်စတိုင်းကျန်းမာရေး တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

**Ref : Xinhua**
**Trs : KKO**

## လက်နက်ကိုင်တပ်များ၊ ခဲယမ်းမီးကျောက်ထုတ်လုပ်ရေးတပ်များနှင့် နျူကလီးယားတပ်များကို စစ်ပြင်ဆင်မှုအရှိန်မြှင့်တင်ရန် မြောက်ကိုရီးယားခေါင်းဆောင်ညွှန်ကြား

**ပြုံယမ်း ဒီဇင်ဘာ ၂၈**

အမေရိကန်နိုင်ငံ၏ ထိပ်တိုက်တွေ့ရန်ကြိုးပမ်းမှုများကိုတုံ့ပြန်ရေးအတွက် စစ်ပြင်ဆင်မှုများအရှိန်မြှင့်တင်ရန် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က ဒီဇင်ဘာ ၂၇ ရက်တွင် လက်နက်ကိုင်တပ်များ၊ ခဲယမ်းမီးကျောက်ထုတ်လုပ်ရေးတပ်များနှင့် နျူကလီးယားတပ်များကို ညွှန်ကြားခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၇ ရက်တွင်ကျင်းပသည့် လက်ရှိအာဏာရအလုပ်သမားပါတီ ဗဟိုကော်မတီမျက်နှာစုံညီအစည်းအဝေးတွင် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က အဆိုပါအတိုင်းညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရ၏ ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နယ်ချဲ့ဆန့်ကျင်ရေးဝါဒီ လွတ်လပ်သည့်နိုင်ငံများနှင့် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်မည်ဖြစ်ကြောင်း ကင်ဂျုံအန်က အဆိုပါအစည်းအဝေးတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင်လည်း မြောက်ကိုရီးယားနိုင်ငံသည် ရုရှားနိုင်ငံ အပါအဝင် အနောက်အုပ်စုနိုင်ငံများ၊ ရပ်တည်မှုကွဲပြားသည့်နိုင်ငံများနှင့်ဆက်ဆံရေးအဆင့်မြှင့်တင်လျက်ရှိသည်။



အလုပ်သမားပါတီ ဗဟိုကော်မတီမျက်နှာစုံညီအစည်းအဝေးတွင် မြောက်ကိုရီးယားစစ်ဘက် ခဲယမ်းမီးကျောက် ထုတ်လုပ်ရေးလုပ်ငန်းများနှင့် နျူကလီးယားတပ်များအတွက် စစ်ပြင်ဆင်မှုအရှိန်မြှင့်တင်ရေးတာဝန်ကို ပေးအပ်ခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာနသတင်းထုတ်ပြန်ချက်၌ဖော်ပြထားသည်။

ထို့နည်းတူ အဆိုပါမျက်နှာစုံညီအစည်းအဝေးတွင် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်သည် လာမည့်နှစ်အတွက် စီးပွားရေးရည်မှန်းချက်များလည်း ချမှတ်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Peregrine Astrobotic ကုမ္ပဏီက Peregrine လဆင်းယာဉ်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေ



**ဝါရှင်တန် ဒီဇင်ဘာ ၂၈**

အမေရိကန်နိုင်ငံ အခြေစိုက် Peregrine Astrobotic ကုမ္ပဏီသည် Peregrine အမည်ရှိ လဆင်းယာဉ်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၂၇ ရက်သတင်းများအရ သိရသည်။

Peregrine Astrobotic ကုမ္ပဏီသည် Peregrine လဆင်းယာဉ်ကို ULA ကုမ္ပဏီ၏ ဗော်လ်ကန်စင်တော်ဒုံးပျံဖြင့် လာမည့်နှစ် ဇန်နဝါရီ ၈ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

လက်ရှိအချိန်တွင် Peregrine Astrobotic ကုမ္ပဏီသည် Peregrine လဆင်းယာဉ်ကို ဗော်လ်ကန်စင်တော်ဒုံးပျံထိပ်ဖူး၌တပ်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ လဆင်းယာဉ်သည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန် ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

လမျက်နှာပြင်ပေါ်ဆင်းသက်မှု အောင်မြင်ခဲ့ပါက Peregrine လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ် ဆင်းသက်နိုင်ခဲ့သည့် ပထမဆုံး ပုဂ္ဂလိက လဆင်းယာဉ်အဖြစ်ရပ်တည်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Peregrine လဆင်းယာဉ် လွှတ်တင်ရေး အစီအစဉ်သည် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း Peregrine Astrobotic ကုမ္ပဏီမှ တာဝန်ရှိသူများက အတည်ပြုထားသည်။

**Ref : Xinhua News**
**Trs : KKO**

## နဂါးငွေ့တန်းကြယ်စု၏အရန်ကြယ်စုတိမ်တိုက်သစ်က တစ်ခုတည်းသောကြယ်စုမဟုတ်ဘဲ ကြယ်စုနှစ်ခု တစ်ခုနှင့်တစ်ခု ရှေ့ဆင့်နောက်ဆင့်တည်ရှိနေ

**ကင်ဘာရာ ဒီဇင်ဘာ ၂၈**

နဂါးငွေ့တန်းကြယ်စု၏ အရန်ကြယ်စုတစ်ခုဖြစ်သော ကြယ်စုတိမ်တိုက်သစ် (SMC) သည် တစ်ခုတည်းသောကြယ်စုမဟုတ်ဘဲ ကြယ်စုနှစ်ခု တစ်ခုနှင့်တစ်ခု ရှေ့ဆင့်နောက်ဆင့် တည်ရှိနေခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဒီဇင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

ဩစတြေးလျသိပ္ပံပညာရှင်များ ဦးဆောင်သော နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ဥရောပအာကာသအေဂျင်စီ၏ ဝိုင်ယာဂြိုဟ်တုဖြင့် SMC ကြယ်စုငယ်ကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက် ရလဒ်များအရ SMC ကြယ်စုငယ်သည် တစ်ခုတည်းသော ကြယ်စုမဟုတ်ဘဲ တစ်ခုနှင့်တစ်ခု ရှေ့နောက်တည်ရှိနေသော ကြယ်စုငယ်နှစ်ခုသာဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ SMC ကြယ်စုငယ်သည် တစ်ခုနှင့်တစ်ခု ဓာတုဖွဲ့စည်းပုံနှင့် ရွေ့လျားမှုအမြန်နှုန်း မတူသော ကြယ်စုနှစ်ခု ရှေ့နောက်တည်ရှိနေခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



ကြယ်စုတိမ်တိုက်ငယ်(SMC) နှင့်ကြယ်စုတိမ်တိုက်ကြီး (LMC) တို့ကို နဂါးငွေ့တန်းကြယ်စု၏ အစိတ အရန်ကြယ်စုများအဖြစ် သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## SLIM လဆင်းယာဉ်က လမျက်နှာပြင်ဓာတ်ပုံများကို ပထမဆုံးအကြိမ်အဖြစ် ရိုက်ကူးခဲ့

**တိုကျို ဒီဇင်ဘာ ၂၈**

ဂျပန် အာကာသအေဂျင်စီ၏ SLIM လဆင်းယာဉ်သည် လမျက်နှာပြင်ဓာတ်ပုံများကို ပထမဆုံးအကြိမ်အဖြစ် ရိုက်ကူးခဲ့ကြောင်း ဒီဇင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။



SLIM လဆင်းယာဉ်သည် လပတ်လမ်းအတွင်းသို့ ဝင်ရောက်နိုင်ခဲ့ပြီးနောက် လမျက်နှာပြင်ကို ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံများ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

SLIM လဆင်းယာဉ်သည် ဒီဇင်ဘာ ၂၅ ရက်တွင် လပတ်လမ်းအတွင်းသို့ ဝင်ရောက်နိုင်ခဲ့ကြောင်း ဂျပန်အာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ လဆင်းယာဉ်သည် လာမည့်နှစ် ဇန်နဝါရီ ၂၄ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန် ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

SLIM လဆင်းယာဉ်၏ လမျက်နှာပြင်ပေါ်ဆင်းသက်မှု အောင်မြင်ခဲ့ပါက ဂျပန်နိုင်ငံသည် လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ် စေလွှတ်နိုင်သော ပဉ္စမမြောက် ကမ္ဘာ့နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အမေရိကန်၊ ရုရှား၊ တရုတ်နှင့်အိန္ဒိယနိုင်ငံတို့ကသာ လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ်များ စေလွှတ်ထားနိုင်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## ဆေးယဉ်ပါးဗက်တီးရီးယားရောဂါများကို ကုသနိုင်ဖွယ်ရှိသည့် ပဋိဇီဝဆေးသစ်တစ်မျိုးတွေ့ရှိထား

**နယူးယောက် ဒီဇင်ဘာ ၂၈**

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ဆေးယဉ်ပါးဗက်တီးရီးယားများကြောင့် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများကို ကုသနိုင်ဖွယ်ရှိသော ပဋိဇီဝဆေးသစ်တစ်မျိုး ရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အဆိုပါပဋိဇီဝဆေးသစ်ကို အသိဉာဏ်တုနည်းပညာ (AI) ၏အကူအညီဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကြွက်များဖြင့် ပြုလုပ်ခဲ့သော စမ်းသပ်မှုမှ ထွက်ပေါ်လာသည့် ရလဒ်များအရ အဆိုပါပဋိဇီဝဆေးသစ်သည် Methicillin ဆေးယဉ်ပါးဗက်တီးရီးယားဖြစ်သော Staphylococus Aureus ဗက်တီးရီးယားနှင့် Vancomycin ဆေးယဉ်ပါး ဗက်တီးရီးယားဖြစ်သော Enterouccus ဗက်တီးရီးယားရောဂါများကို ကုသပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အဆိုပါပဋိဇီဝဆေးသစ်ကို ရှာဖွေရေးအတွက် ဓာတုဒြပ်ပေါင်း ၁၂ သန်းတို့ကို AI နည်းပညာဖြင့် ဆန်းစစ်လေ့လာခဲ့ကြသည်။

ဆေးပညာရှင်များ၏ အဆိုအရ ပဋိဇီဝဆေးယဉ်ပါးနေသော ဗက်တီးရီးယားများကြောင့် ၂၀၁၉ ခုနှစ်တွင် လူပေါင်း ၁ ဒသမ ၂ သန်းကျော် သေဆုံးခဲ့ရကြောင်း၊ ဗက်တီးရီးယားများ ဆေးယဉ်ပါးလာမှုပြဿနာကို ကမ္ဘာ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က သတ်မှတ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## သက်ကြီးပိုင်းများ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းဖြင့် တွေးတောဆင်ခြင်နိုင်စွမ်းကျဆင်းမှုကို လျှော့ချနိုင်

**ပေကျင်း ဒီဇင်ဘာ ၂၈**

တစ်ဦးတည်း နေကြရသည့် သက်ကြီးပိုင်းများအနေဖြင့် အိမ်မွေးတိရစ္ဆာန်တစ်ကောင် မွေးမြူထားခြင်းဖြင့် ဦးနှောက်တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းမှုနှုန်းကို လျှော့ချပေးနိုင်ကြောင်း ဒီဇင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။

သက်ကြီးပိုင်းများအနေဖြင့် အိမ်မွေးတိရစ္ဆာန် တစ်ကောင်ကို အဖော်ပြုထားခြင်းဖြင့် ဦးနှောက် တွေးတောဆင်ခြင်နိုင်မှု စွမ်းရည်ကျဆင်းမှုနှုန်းကို အရှိန်လျှော့ချနိုင်ကြောင်း တရုတ်နိုင်ငံ ဆွန်ယက်ဆင်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် အိမ်မွေးတိရစ္ဆာန်များ အဖော်ပြုနေထိုင်ခြင်းဖြင့် ဦးနှောက် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းမှုအရှိန် လျှော့ချနိုင်မှုကို တစ်ကိုယ်တည်းနေထိုင်သူများသာ ခံစားရနိုင်ပြီး မိသားစုနှင့် သိုက်သိုက်ဝန်းဝန်းနေထိုင်သူများအနေဖြင့် ခံစားနိုင်ခြင်းမရှိကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် ဦးနှောက် တွေးတော ဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းမှုကို ပျောက်ကင်းအောင် ကုသနိုင်သည့်ကုထုံးမျိုးမရှိသေးပေ။

သို့ရာတွင် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းမှုပြဿနာ (Dementia) ဖြစ်နိုင်ခြေ မြင့်မားသူများကို ဖော်ထုတ်၍ ရောဂါနောက်ခံအကြောင်းတရားများကို ပြုပြင်ပေးခြင်းဖြင့် သက်ကြီးပိုင်းများ၏ ဦးနှောက်ကျန်းမာရေးကို ထိန်းထားနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ခံစစ်ကစားသမား တစ်ဦးခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း နည်းပြပိုစတီကိုဂလူ ပြောကြား

**လန်ဒန် ဒီဇင်ဘာ ၂၈**

စပါးအသင်းနည်းပြ ပိုစတီကိုဂလူသည် စပါးအသင်းက အဲဗာတန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဗဟိုခံစစ်ကစားသမားရိုမီယို ဒဏ်ရာကြောင့် ထွက်ခွာခဲ့ရသဖြင့် ၎င်း၏နေရာတွင် အစားထိုးနိုင်ရန် ခံစစ်ကစားသမားတစ်ဦးခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ရိုမီယိုသည် ပြီးခဲ့သည့်စနေနေ့က ကစားခဲ့သည့် အဲဗာတန်အသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် ပေါင်ကြွက်သားဒဏ်ရာကြောင့် ဒုတိယပိုင်းအစတွင် အသင်းဖော်ကစားသမားဒိုင်ယာနှင့် လူစားလဲခဲ့ရပြီး ဒဏ်ရာကိုလိုအပ်သည့် စစ်ဆေးမှုပြုလုပ်ခဲ့ရာ ရက်သတ္တ လေးပတ်သို့မဟုတ် ငါးပတ်ခန့်အနားယူရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ စပါးအသင်းခံစစ်ပိုင်းတွင် ပြီးခဲ့သည့် နိုဝင်ဘာလကတည်းက ဒဏ်ရာကြောင့်အနားယူနေရသည့် ဗဟိုခံစစ်ကစားသမားဗန်ဒီဗန်သည်လည်း အသင်းနှင့်ပူးပေါင်းနိုင်ခြင်း မရှိသေးဘဲ ရိုမီယိုသည်လည်း ငါးပတ်ခန့် အနားယူရမည်ဖြစ်သဖြင့် နည်းပြပိုစတီကိုဂလူက ရိုမီယိုနေရာတွင် အစားထိုးကစားနိုင်မည့် ခံစစ်ကစားသမားတစ်ဦးကို လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင်ခေါ်ယူသွားရန် ဆုံးဖြတ်ခဲ့သည်။

စပါးအသင်းတွင် ဂျိမ်းမက်ဒီဆင်၊ ပါရီဆစ်၊ ဆက်စက်ဂန္ဒန်၊ ဆောလမွန်၊ဘန်တန်ကာနှင့်အက်ရှလေဖီးလစ်တို့သည် ကာလရှည်ဒဏ်ရာရနေသည့်အပြင် ခံစစ်ပိုင်းမှဗန်ဒီဗန်နှင့်ရိုမီယိုတို့လည်းဒဏ်ရာပြဿနာ ထပ်မံကြုံတွေ့ခဲ့ရသောကြောင့် လာမည့်အပြောင်းအရွှေ့ကာလတွင် ခံစစ်ပိုင်းပြဿနာကို ဦးစားပေးဖြေရှင်းသွားမည်ဟု နည်းပြပိုစတီကိုဂလူက ပြောကြားခဲ့ကြောင်း သိရသည်။**Ref : RT**

**Trs : ML**



# 2023 Riyadh Season Tennis Cup ပြိုင်ပွဲတွင် အယ်ကာရက်ဇ်က ဂျိုကိုဗစ်ကို အနိုင်ရရှိ





**ရီယာ့ဒ် ဒီဇင်ဘာ ၂၈**

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင်ကျင်းပခဲ့သည့် 2023 Riyadh Season Tennis Cup တင်းနစ်ပြိုင်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၂)တင်းနစ်ကစားသမားအယ်ကာရက်ဇ်သည် ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဂျိုကိုဗစ်ကို (၄-၆ ၊ ၆-၄ ၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် အယ်ကာရက်ဇ်သည် အောင်မြင်မှုများစွာဆွတ်ခူးနိုင်လိမ့်မည်ဖြစ်ကြောင်း ဂျိုကိုဗစ်က မှတ်ချက်ပြုပြောကြားခဲ့သည်။

အယ်ကာရက်ဇ်သည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲငယ်နှင့်တတိယပွဲငယ်တို့တွင် ပုံစံကောင်းများပြသကာ ပြတ်သားသည့်ရလဒ်များဖြင့်အနိုင်ရရှိခဲ့သည်။

သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် ဂျိုကိုဗစ်နှင့်အယ်ကာရက်ဇ်တို့သည် 2023 Riyadh Season Tennis Cup တင်းနစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့သို့ သွားရောက်မည်ဖြစ်ပြီး သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲအတွက် စတင်ပြင်ဆင်တော့မည်ဖြစ်သည်။

ဂျိုကိုဗစ်နှင့် အယ်ကာရက်ဇ်တို့ကြား တင်းနစ်ပြိုင်ပွဲများတွင် ထိပ်တိုက်တွေ့ဆုံမှု ငါးကြိမ်ထိရှိခဲ့ပြီး ယင်း ငါးကြိမ်တွင် ဂျိုကိုဗစ်က သုံးကြိမ်အနိုင်ရရှိကာ အယ်ကာရက်ဇ်က နှစ်ကြိမ်အနိုင်ရရှိခဲ့သည်။

အယ်ကာရက်ဇ်က "ဂျိုကိုဗစ်နဲ့ ကွင်းတစ်ကွင်းထဲမှာ ရှိနေခွင့်ရတဲ့ အခိုက်အတန့်ဟာ ဂုဏ်ယူစရာ အခိုက်အတန့်ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ဂျိုကိုဗစ်ဆီကနေ အဆက်မပြတ် သင်ယူနေဆဲဖြစ်ပါတယ်။ ဒီနှစ် တင်းနစ်ရာသီမှာ ဂျိုကိုဗစ်ဟာ ဂရန်းစလန်းဆုဖလား သုံးလုံးထိတောင် ရယူနိုင်ခဲ့တယ်။ ဂျိုကိုဗစ်ဂရန်းစလန်းဆုဖလားတွေ ဆွတ်ခူးရရှိတိုင်း သူနေရာမှာ ငါဆိုရင် ဘယ်လောက်ကောင်းမလဲဆိုတဲ့အတွေးမျိုး အမြဲတွေးမိတယ်။ ကျွန်တော့်အနေနဲ့ဂျိုကိုဗစ်နဲ့ ထိပ်တိုက်ယှဉ်ပြိုင်ကစားခွင့်ရတာကို ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# IFFHS တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမားဘယ်လင်ဟမ် ဆွတ်ခူး

**ဇူးရစ် ဒီဇင်ဘာ ၂၈**

ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့အခြေစိုက် International Federation of Football History & Statics(IFFHS)က စိစစ်ရွေးချယ်ချီးမြှင့်ပေးအပ်သည့် ၂၀၂၃ ခုနှစ် IFFHS တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်းကွင်းလယ်ကစားသမားဘယ်လင်ဟမ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

IFFHS က တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုကို အသက် ၂၀ နှစ်နှင့်အောက်ရှိ ကစားသမားများမှ စိစစ်ရွေးချယ်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ဘယ်လင်ဟမ်က ကစားသမားဘဝပထမဆုံးအကြိမ်အဖြစ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဘယ်လင်ဟမ်သည် ယခုနှစ်အတွင်း ဒေါ့မွန်အသင်းတွင်ကစားခဲ့စဉ်ကလည်း ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသနိုင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူအကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် IFFHS တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆု မတိုင်မီက Golden Boy ဆုကိုလည်းဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

IFFHS တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် ဘယ်လင်ဟမ်သည် ဘိုင်ယန်မြူးနစ်အသင်းမှ မူစီယာလာနှင့် ဘာစီလိုနာအသင်းမှ ဂါဗီတို့နှင့်အတူ ပါဝင်ခဲ့ပြီး ၎င်းတို့ကိုကျော်ဖြတ်ကာ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် IFFHS တစ်နှစ်တာအကောင်းဆုံး ဂိုးသမားဆုကို မန်စီးတီးအသင်းဂိုးသမားအီဒါဆန်က မာတီနက်ဇ်ကိုကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : STA**

# ဟာလန်းအနေဖြင့် ဇန်နဝါရီလမကုန်မီ အသင်းနှင့်ပူးပေါင်းနိုင်မည်ဟု ဂွါဒီယိုလာ ပြောကြား

**မန်ချက်စတာ ဒီဇင်ဘာ ၂၈**

တိုက်စစ်မှူးဟာလန်း၏ခြေဖဝါးဒဏ်ရာမှာ အသင်းနှင့်လေ့ကျင့်ခန်းပြုလုပ်ရန် အဆင်မပြေဖြစ်နေပြီး လာမည့် ဇန်နဝါရီလမကုန်မီ အသင်းနှင့်ပြန်လည်ပူးပေါင်းနိုင်ရန် မျှော်လင့်ထားကြောင်း နည်းပြဂွါဒီယိုလာက ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၂၃ နှစ်ရှိ တိုက်စစ်မှူးဟာလန်း၏ ဒဏ်ရာပြဿနာမှာ မည်သည့်အချိန်တွင် ရရှိခဲ့သည်ကို ဖော်ပြခြင်းမရှိသော်လည်း လက်ရှိတွင် ၎င်းသည်ကြံ့ခိုင်မှုမပြည့်ဝသေးသောကြောင့် တစ်ဦးတည်းလေ့ကျင့်ခန်းပြုလုပ်နေရပြီး အသင်းနှင့်ပူးပေါင်းလေ့ကျင့်ခွင့်မရသေးသော်လည်း လာမည့်ဇန်နဝါရီလမကုန်မီ အသင်းတွင်ပါဝင်နိုင်မည်ဟု နည်းပြဂွါဒီယိုလာက ပြောကြားခဲ့ခြင်းဖြစ်သည်။

၎င်းသည် အဆိုပါဒဏ်ရာကြောင့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲအပါအဝင် ပြိုင်ပွဲစုံခြောက်ပွဲ ခန့်လွဲချော်ခဲ့ရပြီးနောက် နည်းပြဂွါဒီယိုလာက ဟာလန်းနှင့်ပတ်သက်၍ ထုတ်ဖော်ပြောကြားခဲ့သည်။

ဂွါဒီယိုလာက "ဟာလန်းရဲ့ ဒဏ်ရာအခြေအနေက ဇန်နဝါရီလ လောက်ဆိုကောင်းမယ်လို့မျှော်လင့်ပါတယ်။ လက်ရှိမှာတော့ ခြေဖဝါးအရိုးနာကျင်မှုကြောင့် အသင်းနဲ့ မပူးပေါင်းနိုင်သေးပါဘူး။ အသင်းဆရာဝန်အနေနဲ့လဲ ကစားသမားနဲ့ပတ်သက်ပြီး နေ့စဉ်တိုးတက်မှုတွေကို ပြောကြားနေတာဖြစ်ပါတယ်။ ကာလရှည်ဒဏ်ရာရနေတဲ့ ဒီဘရိုင်းကတော့ အသင်းနဲ့ပူးပေါင်းလေ့ကျင့်နေပါပြီ။ သူ့အနေနဲ့ တိုးတက်မှုတွေ ရှိလာတာကြောင့် မကြာခင်ပြန်လည်မြင်တွေ့ရမှာပါ။



လာမဲ့ အက်ဖ်အေဖလားပွဲစဉ်မှာ ပါဝင်နိုင်ဖို့မျှားပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- အသင်းမှ တောင်ပံကစားသမား မီတိုမာအနေဖြင့် ဒဏ်ရာပြဿနာကြောင့် ရက်သတ္တခြောက်ပတ်ခန့် အနားယူရမည်ဖြစ်၍ လာမည့်ဇန်နဝါရီလတွင်ကစားရမည့် အာရှဖလားပြိုင်ပွဲတွင် တောင်ကိုရီးယားအသင်းအတွက် ပါဝင်ကစားပေးနိုင်မည်မဟုတ်ကြောင်း ဘရိုက်တန်အသင်းနည်းပြ ဒီဇာဘီက ပြောကြားခဲ့သည်။
- အဲဗာတန်အသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်ပေးခဲ့သည့် ဘာနာဒိုဆေးဗားသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးဖန်တီးမှု ၃၇ ကြိမ်ပြုလုပ်နိုင်ခဲ့သည့် ပေါ်တူဂီကစားသမားဖြစ်လာခဲ့ပြီး တစ်နိုင်ငံတည်းသား စီရော်နယ်ဒို၏ ဂိုးဖန်တီးမှု စံချိန်ကိုလိုက်မီခဲ့ကြောင်း သိရသည်။
- ကွင်းလယ်ကစားသမား ဟော့ဂျက်နှင့် ဂိုးသမား လိုရစ်တို့ကို လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာခွင့်ပြုထားကြောင်း စပါးအသင်းက ထုတ်ပြန်ခဲ့သည်။

ML

# MNL-II Promotion Amateur Club Tournament 2023

## ပိုလ်လုပွဲစဉ်တွင် Rangers FC အသင်း ချန်ပီယံဆုဆွတ်ခူး



**ရန်ကုန် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပသည့် MNL-II Promotion Amateur Club Tournament 2023 ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ညနေ ၄နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် Rainbow FC အသင်းနှင့် Rangers FC အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ Rangers FC အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

MNL-II Promotion Amateur Club Tournament 2023 ပြိုင်ပွဲကို လာမည့်ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲဝင်ခွင့်အတွက် အပျော်တမ်းကလပ်အသင်းများဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့ကြသည့် Rainbow FC အသင်းနှင့် Rangers FC အသင်းတို့မှာလာမည့်ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲသို့ ဝင်ရောက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် Rainbow FC အသင်းနှင့် Rangers FC အသင်းတို့သည် ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၅၃ မိနစ်တွင် သွင်းယူခဲ့သည့် အောင်နိုင်ဖြိုး၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် Rangers FC အသင်းက အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

Rangers FC အသင်းနည်းပြ ဦးကျော်ဇေယျာထွန်းက "ကျွန်တော်တို့အသင်းက နယ်ကနေတက်လာတဲ့ အသင်းတစ်သင်းပါ။ဒီလိုပထမရတာ လိဂ်-၂ ကိုပါဝင်ယှဉ်ပြိုင်ဖို့အားတွေဖြစ်ပါတယ်။ ပရိသတ်တွေက ကျွန်တော်တို့ရဲ့ ဒုတိယမိသားစုပါ။ အခုလို ကွင်းထဲလာအားပေးတဲ့အတွက်လဲဝမ်းသာပါတယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။ **STA**

# European Sportsperson of the Year award ဆုကို ဂျိုကိုဗစ် ဆွတ်ခူး

**ဝါဆော ဒီဇင်ဘာ ၂၈**

ပိုလန်နိုင်ငံ ဝါဆောမြို့တွင် ဒီဇင်ဘာ ၂၇ ရက်ကကျင်းပခဲ့သော European Sportsperson of the Year award ဆုပေးပွဲတွင် ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်က အခြားသောအားကစားလောကမှ ၂၀၂၃ ခုနှစ်အတွင်း အအောင်မြင်ဆုံးသော အားကစားသမားများကို ကျော်ဖြတ်ကာ ရွေးချယ်ခံခဲ့ရကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဥရောပတိုက်ရှိ နာမည်ကြီးသတင်းအေဂျင်စီ ၂၇ ခုကမဲပေးရွေးချယ်သည့်ဆုဖြစ်ပြီး ဂျိုကိုဗစ်က မဲအများဆုံးဖြင့် European Sportsperson of the Year award ဆုကို ကစားသမားဘဝသက်တမ်းတစ်လျှောက် ငါးကြိမ်မြောက်ရရှိခဲ့ခြင်းဖြစ်သည်။


ဂျိုကိုဗစ်သည် ၂၀၂၃ ခုနှစ်အတွင်း ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၊ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲနှင့် US Open တင်းနစ်ပြိုင်ပွဲတို့တွင် ချန်ပီယံဆုကိုဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့အဆင့်(၁)နေရာဖြင့် ၂၀၂၃ ခုနှစ် တင်းနစ်ရာသီကိုအဆုံးသတ်နိုင်ခဲ့ကာ တင်းနစ်လောကတွင် ကမ္ဘာ့အဆင့်(၁)နေရာဖြင့်တင်းနစ်ရာသီတစ်ခုကို ရှစ်ကြိမ်မြောက်အဆုံးသတ်နိုင်ခဲ့ပြီး စံချိန်သစ်တင်ခဲ့ခြင်းလည်းဖြစ်သည်။

ဂျိုကိုဗစ်အနေဖြင့် European Sportsperson of the Year award ဆုကို အများဆုံးဆွတ်ခူးရရှိထားသည့် ဆွစ်ဇာလန်တင်းနစ်ကစားသမားဟောင်း ရော်ဂျာဖက်ဒရာ၏စံချိန်ကိုအမီလိုက်နိုင်ခဲ့သည်။

ဂျိုကိုဗစ်နှင့်အတူ ယခုနှစ်အတွက် European Sportsperson of the Year award ဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားခဲ့သော အားကစားသမားများမှာ ဖော်မြူလာဝမ်း ပြိုင်ကားမောင်းလောကမှ နယ်သာလန်ပြိုင်ကားမောင်းသမား ဗာစတပ်ပန်၊ဆွီဒင်ပြေးခုန်ပစ်ကစားသမားအာမန်ဒူပလန့်တစ်တို့ဖြစ်ကြကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**




# ဂီနီယာအသင်း ကွင်းလယ်ကစားသမားဆိုင်လာ

## နည်းပြနှင့်အချင်းများမှုကြောင့် လက်ရွေးစင်အသင်းမှထုတ်ပယ်ခံရ

**ကိုနာခရိုင် ဒီဇင်ဘာ ၂၈**

ဂီနီယာအသင်း ကွင်းလယ်ကစားသမားဆိုင်လာသည် အသင်းနည်းပြကာဘာဒီရာဝါရာနှင့်အချင်းများမှုဖြစ်ပွားခဲ့ပြီးနောက် ၂၀၂၄ အာဖရိကဖလားပြိုင်ပွဲ ကစားမည့်အသင်းလူစာရင်းမှ ထုတ်ပယ်ခံခဲ့ရကြောင်း သိရသည်။

ဆိုင်လာသည် ပြီးခဲ့သည့်ဇွန်လက ဘရာဇီးအသင်းနှင့် ဂီနီယာအသင်းတို့ကစားခဲ့သည့် ခြေစမ်းပွဲစဉ်တွင် လေးဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီးနောက် ဘရာဇီးအသင်းတိုက်စစ်မှူး ဗင်နီစီးယက်စ်နှင့်အကျီလဲလှယ်ခဲ့ရာ အဆိုပါအကျီမှာအဝတ်လဲခန်းအတွင်း ပျောက်ဆုံးသွားသဖြင့် နည်းပြကာဘာဒီရာဝါရာ ခိုးယူသည်ဟု စွပ်စွဲပြောကြားခဲ့သောကြောင့် ၎င်းကိုအာဖရိကဖလားပြိုင်ပွဲကစားမည့် အသင်းလူစာရင်းမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

၎င်းအနေဖြင့် အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ တရားဝင်တောင်းပန်မှုပြုလုပ်ခဲ့ပြီး လာမည့်အာဖရိကဖလားပြိုင်ပွဲတွင် အသင်းခေါင်းဆောင် ကီတာ၏နေရာ၌ အစားထိုး တာဝန်ယူရမည့်သူဖြစ်သော်လည်း နည်းပြကိုစွပ်စွဲခဲ့မှုကြောင့် လက်ရွေးစင်အသင်းမှ ထုတ်ပယ်ခံခဲ့ရကာ အဆင့်မြင့်ဆုံးပြိုင်ပွဲနှင့်လွဲချော်ခဲ့ရသည်။

အသက် ၂၈ နှစ်ရှိ ဆိုင်လာသည် လက်ရွေးစင်အသင်းနှင့် ၂၀၁၉ ခုနှစ်က စတင်ပါဝင်ခွင့်ရခဲ့ပြီး ပြိုင်ပွဲစုံ ၂၃ ပွဲထိပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး သုံးဂိုး သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

ဂီနီယာအသင်းသည် လာမည့် ၂၀၂၄ အာဖရိကဖလားပြိုင်ပွဲ အုပ်စု (C)တွင် ကင်မရွန်း၊ဂမ်ဘီယာ၊ ဆီနီဂေါ်အသင်းတို့နှင့်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ

## ပူဆယ်ပြိုင်ပွဲနှင့်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို ယနေ့ နံနက် ၈ နာရီမှစပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့်အားကစားရုံတို့တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ယနေ့နံနက် ၈ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကစားခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းကို ငါးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၁၁ ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီး ဌာနအသင်းကို ၁၄ ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ထို့နောက် နံနက် ၉ နာရီမှစ၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကျင်းပခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး



ဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

**STA**

# MLWC မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို

## ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

MLWC မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို လာမည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့သုဝဏ္ဏအမျိုးသားအားကစားရုံ(၁)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနှင့်ထိုင်း တွဲဆိုင်း နှစ်ဆိုင်းအပါအဝင်ပြည်တွင်းတွဲဆိုင်း လေးဆိုင်းစုစုပေါင်း တွဲဆိုင်းခြောက်ဆိုင်းထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး မြန်မာ-ထိုင်း တွဲဆိုင်းများအဖြစ် ၇၅ ကီလိုတန်းတွင် မြန်မာလက်ဝှေ့သမား ရွှေရာမာန်နှင့် ထိုင်းလက်ဝှေ့သမား Worajaklek တို့ထိုးသတ်သွားမည်ဖြစ်ပြီး ၇၂ ကီလိုတန်းတွင် မြန်မာလက်ဝှေ့သမား ကျော်စွာဝင်းနှင့် ထိုင်းလက်ဝှေ့သမား Pong Siri တို့ထိုးသတ်သွားမည်ဖြစ်သည်။

အခြားပြည်တွင်းတွဲဆိုင်းများအဖြစ် ၅၅ ကီလိုတန်းတွင် ကိုကိုနှင့် တိုင်းကျော်၊ ၆၀ ကီလိုတန်းတွင် မိုးဟိန်းနှင့်နိုင်အောင်ရှင်း၊ ၆၂ ကီလိုတန်းတွင် သူရဲကောင်းနှင့်ကောင်းဆက်နိုင်၊ ၆၅ ကီလိုတန်းတွင် စောဘဟိန်းနှင့်အဖိုးသွေးတို့ထိုးသတ်သွားမည်ဖြစ်သည်။

MLWC မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးအတွက် လက်မှတ်ခများတွင် ရိုးရိုးတန်းအတွက် အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ပြီး အထူးတန်းအတွက် ငွေကျပ် ၃၀၀၀၀၊ ငွေကျပ် ၅၀၀၀၀ နှစ်မျိုးသတ်မှတ်ထားကြောင်း သိရသည်။

**STA**

# နှစ်ဟောင်းမှသည် နှစ်သစ်ဆီသို့

မောင်သောင်းဝင်း(တမန်ဟောင်း)

❖ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ရောက်ရှိတော့မည်ဖြစ်သည်။ နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုးတို့ကို ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက်ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံ၌ အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များ ရှိနေရန်လိုအပ်သည်။ ❖

မကြာမီ ၂၀၂၃ ခုနှစ် နှစ်ဟောင်းကုန်ဆုံးပြီး ၂၀၂၄ ခုနှစ် နှစ်သစ်သို့ ရောက်ရှိတော့မည်ဖြစ်သည်။ စိန်စီထားသောအချိန်တို့သည် ကုန်ဆုံးမှုမြန်ဆန်လွန်းလှသည်။ ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌စိန်ခေါ်မှုများစွာ ကြုံတွေ့ခဲ့ရသည်။ စားနပ်ရိက္ခာရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့သည်။ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အမျိုးသမီးများသည် ခက်ခဲကြမ်းတမ်းသောအခြေအနေကို ရုန်းကန်ခဲ့ကြရသည်။ မြန်မာနိုင်ငံတွင်လည်း အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် အချို့သောတိုင်းရင်းသားပြည်သူများ အတိဒုက္ခရောက်ခဲ့ကြရသည်။

**ကြုံတွေ့ခဲ့ရ**

အမှန်တော့နှစ်ဟောင်းတွင် အောင်မြင်မှုများ အကြိမ်ကြိမ်ဆုပ်ကိုင်နိုင်ခဲ့သူများရှိသကဲ့သို့ ကျရှုံးမှုများဖြင့်ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသူများလည်း ရှိနေမည်ဖြစ်သည်။ စင်စစ်အားဖြင့် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်သူများ၊ စဉ်ဆက်မပြတ်လေ့လာဆည်းပူးအားထုတ်ကြိုးပမ်းသူများ၊ ဇွဲလုံ့လဝီရိယရှိသူများသည် နယ်ပယ် တစ်ခုခုတွင် အောင်မြင်မှုရရှိခဲ့မည်မှာအမှန်။ သို့သော် အချိန်ဖြုန်းသူများ၊ ပျင်းရိသူများ၊ ရည်မှန်းချက်ပျောက်ဆုံးနေကြသူများ၊ အချိန်ပြည့်ဖုန်းပွတ်နေသူများ၊ ဝေဖန်ရေးနှင့် လေကန်ရေးလုပ်နေသူများသည် မည်သည့်အောင်မြင်မှုကိုမျှမရရှိနိုင်ဘဲ အသက်တစ်နှစ်သာ ကြီးသွားကြမည်ဖြစ်သည်။ လူမှုအသိုက်အဝန်းအတွက် လူပိုတစ်ဦးသာဖြစ်ပေသည်။

**စစ်မှန်သောအောင်မြင်မှုဆိုသည်မှာ**

လူသားတို့သည် အောင်မြင်မှုကို ယေဘုယျအားဖြင့် ငွေကြေး၊ ရာထူးတို့ဖြင့် တိုင်းတာကြသည်။ ထိုအရာများကို အဂတိလိုက်စားကာ ရယူထားမည်ဆိုလျှင်၊ အခြားသူ၏အခွင့်အရေးကို နင်းခြေပြီးမှ ရရှိထားမည်ဆိုလျှင် စစ်မှန်သောအောင်မြင်မှုဟု မဆိုနိုင်ချေ။ စစ်မှန်သောအောင်မြင်မှုသည် ပြီးခဲ့သော တစ်နှစ်အတွင်း မိမိ၏ လောဘ၊ ဒေါသ၊ မောဟများကို မည်မျှလျှော့ချနိုင်ခဲ့သည်ဆိုသော အချက်ပေါ်တွင်သာ မူတည်သည်။ နောက်တစ်ချက်သည် ပြီးခဲ့သောနှစ်အတွင်း ဆေးရုံ၊ ဆေးခန်းမသွားရဘဲ ကျန်းမာရေးဒေါင်ဒေါင်မြည်အောင် ကောင်းမွန်ခဲ့မည်ဆိုလျှင် အောင်မြင်မှုရရှိသူဖြစ်သည်။ ထို့ထက် အောင်မြင်မှုရရှိသူသည် မကောင်းမှုရှောင် ကောင်းမှုဆောင်ကာ အများအကျိုးကိုသယ်ပိုးနိုင်ခဲ့သူဖြစ်သည်။

ပြီးခဲ့သောနှစ်အတွင်း တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်မျှပါဝင်ဆောင်ရွက်နိုင်ခဲ့မည်ဆိုလျှင် အောင်မြင်မှုရရှိသည်ဟု ဆိုနိုင်သည်။ အမှန်စင်စစ်မှာမူ အများအကျိုး မည်မျှသယ်ပိုးဆောင်ရွက်နိုင်သည့်အပေါ် မူတည်၍ လူတစ်ဦး၏အောင်မြင်မှုကို တိုင်းတာနိုင်သည်။ အချို့သော သူများသည် ထားစရာမရှိအောင် ချမ်းသာကြသော်လည်း မိမိလောက် မပြည့်စုံသူများကို မျှဝေခံစားနိုင်စွမ်းမရှိသဖြင့် ၎င်းတို့၏ပိုင်ဆိုင်မှုများကို နောက်ဘဝသို့ တစ်ပါတည်းယူသွားနိုင်စွမ်းမရှိဘဲ ထားခဲ့ကြရသည်။ ဆိုလိုသည်မှာ ဒါန၊ သီလ အခြေခံသော ကုသိုလ်ကောင်းမှု တစ်စုံတစ်ရာမျှ မလုပ်ဆောင်နိုင်သဖြင့် သေဆုံးချိန်တွင် ပိုင်ဆိုင်မှုပစ္စည်းများအားလုံးကို ထားခဲ့ကြရသည်။

**ကိုယ်စီတာဝန်ကျေပွန်သင့်**

စာရေးသူကိုယ်တိုင်လည်း ပြီးခဲ့သောနှစ်အတွင်း ဆောင်ရွက်ခဲ့မှုများကို ပြန်လည်သုံးသပ်မိသည်။ မိဘများကို တတ်နိုင်သမျှ ကူညီပံ့ပိုးနိုင်ခဲ့သည်။ မိသားစုအတွက် ဖခင်တစ်ဦး၏တာဝန် ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့သည်။ မိမိ၏ဆောင်ရွက်ခဲ့မှုများအပေါ် အတိုင်းအတာတစ်ခုထိ ကျေနပ်မိသည်။ သို့သော် ပိုမိုကောင်းမွန်အောင် လေ့လာဆည်းပူးရပါဦးမည်။ ကြိုးပမ်းရပါဦးမည်။ ငယ်စဉ်က မြို့ပြနှင့် အလှမ်းဝေးသော အညာကျေးလက်တောရွာလေးတွင် မွေးဖွားခဲ့သော်လည်း ငယ်စဉ်ကတည်းက စာအုပ်စာပေကို ချစ်မြတ်နိုးခဲ့သည်။ လက်ရှိအချိန်တွင် စာပေကျေးဇူးတရားကြောင့် သုတ၊ ရသ အကျိုးပြု ဆောင်းပါးများ ရေးသားကာ တိုင်းပြည်နှင့်လူမျိုးကို အတိုင်းအတာတစ်ခုထိ အကျိုးပြုနိုင်ခဲ့သည်။

သို့သော် တစ်ခါတစ်ရံ လူမှန်နေရာမှန်မရှိသဖြင့် တန်ဖိုးရှိသောအချိန်များကို ဖြုန်းတီးသလိုဖြစ်ခဲ့သည့်အတွက် စိတ်မကောင်းဖြစ်မိသည်။ စင်စစ်အားဖြင့် အချိန်ဖြုန်းသူများနှင့် စုစည်းထားသော ကုမ္ပဏီနှင့် အဖွဲ့အစည်းများသည် ဘယ်သောအခါမျှ အောင်မြင်မည်မဟုတ်ချေ။ လူသားအရင်းအမြစ်ကို အကျိုးရှိစွာ အသုံးချနိုင်မှသာလျှင် အောင်မြင်မှုရရှိမည်ဖြစ်သည်။ အထူးသဖြင့် လူတစ်ဦးသည် မိမိတာဝန်ကိုကျေပွန်မှသာလျှင် လုပ်ဖော်ကိုင်ဖက်များနှင့် လူ့အဖွဲ့အစည်းက အထင်ကြီးလေးစားမည်ဖြစ်သည်။ သာဓကအနေဖြင့် ဖခင်တစ်ဦးသည် ကိုယ့်မိသားစုကို ဦးဆောင်နိုင်စွမ်းရှိရမည်ဖြစ်သည်။ ဇနီးနှင့်သား၊ သမီးများကို အကာအကွယ်ပေးနိုင်ရမည်ဖြစ်သည်။ သို့မှသာလျှင် ဖခင်တာဝန်ကျေပွန်မည်ဖြစ်သည်။

**နှစ်သစ်သန္နိဋ္ဌာန်ချမှတ်သွားရန်လို**

မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်တို့အားလုံးသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ လူသစ်၊ စိတ်သစ်၊ အတွေးသစ်၊ ခွန်အားသစ်များကြိုးပမ်းသွားမည်ဆိုသော စိတ်ကူးအိပ်မက်များ၊ နှစ်သစ်သန္နိဋ္ဌာန်များ (New Year's Resolutions) ချမှတ်သွားသင့်သည်။ ထိုသန္နိဋ္ဌာန်များကို ဖြစ်နိုင်ပါက မှတ်စုစာအုပ်တွင် ချရေးထားသင့်ပေသည်။ နှစ်သစ်တွင်ဆောင်ရွက်သွားမည်ဟု ရည်မှန်းထားသည့်စိတ်ကူးအိပ်မက်များကို နှစ်သစ်သန္နိဋ္ဌာန်ဟုခေါ်ဆိုနိုင်သည်။ နိုင်ငံကြီးသားများသည် နှစ်စဉ် ခရစ်နှစ်ကုန်ဆုံးတိုင်း နှစ်သစ်သန္နိဋ္ဌာန်ချမှတ်လေ့ရှိသည်။ ထိုနည်းတူစွာ စာရေးသူတို့ မြန်မာနိုင်ငံသားများသည်လည်း နှစ်သစ်အတွက် ကျန်းမာရေး၊ ဘာသာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်နယ်ပယ်များတွင် အောင်မြင်စွာကြိုးပမ်းသွားမည်ဆိုသော ခိုင်မာသည့်ရည်မှန်းချက်များ ချမှတ်ထားပြီး ဆောင်ရွက်သွားသင့်သည်။

သို့သော် အချို့သော မြန်မာလူငယ်များသည် နှစ်သစ်ကူးအကြိုညပိုင်းတွင် ဝိုင်းဖွဲ့ကာချက်ပြုတ်စားသောက်ကြသည်။ မူးယစ်အော်ဟစ်ရမ်းကားလျက် New Year Countdown လုပ်ကြသည်။ အရက်မူးပြီး ကားနှင့်မော်တော်ဆိုင်ကယ်မောင်းနှင်ကြသဖြင့် ယာဉ်တိုက်မှုများဖြစ်သည်။ သေကျေထိခိုက်ဒဏ်ရာရရှိကြသည်။ အပျော်လွန်လျှင်အပျက်ဖြစ်တတ်သည်မှာ သဘာဝပင်ဖြစ်သည်။ ထို့ကြောင့် မည်သည့်အရာတွင်မဆို အလွန်အကျွံမဖြစ်ရန် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားရန် လိုအပ်သည်။

**လက်တွေ့ကျကျ ကြိုးပမ်းရန်လို**

လူတစ်ဦးသည် စား၊ ဝတ်၊ နေရေးအပြင် ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့်ကဏ္ဍများတွင် ဆောင်ရွက်ဖွယ်ရာများ မြောက်မြားစွာရှိနေသည်။ ထိုတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်သည် ကိုယ်စီခံယူချက်နှင့် ကြိုးပမ်းအားထုတ်မှုများပေါ်တွင်သာ မူတည်နေသည်။ လူတစ်ဦးသည် နှစ်ဟောင်းတွင် မိမိ၏မိသားစုနှင့် လူ့အဖွဲ့အစည်း၏ ကောင်းရာကောင်းကျိုးကို အနည်းအကျဉ်းမျှ ဆောင်ကြဉ်းပေးနိုင်ခဲ့ခြင်းမရှိလျှင် ထိုသူသည် တိုင်းပြည်နှင့်လူမျိုးအတွက် လူပိုတစ်ဦးသာဖြစ်သည်။ အဆွေစာရှုသူသည် နှစ်ဟောင်းကာလတွင် မိသားစုနှင့်လူ့အသိုက်အဝန်းအတွက် တစ်ခုခုဆောင်ရွက်ပေးနိုင်ခဲ့မည်ဟု ရိုးသားစွာယုံကြည်မိပါသည်။ ထို့ကြောင့် လူတစ်ဦးတစ်ယောက်ချင်းစီသည် လူ့လောကတွင် လူပိုတစ်ဦးလို ဖြစ်မနေစေရန် နှစ်သစ်အတွက် စိတ်ကူးအိပ်မက်သစ်များချမှတ်ထားသင့်သည်။ ထိုစိတ်ကူးမျှော်မှန်းချက်များ အမှန်တကယ် ရုပ်လုံးပေါ်လာစေရန်အတွက် နှစ်သစ်ကူးနေ့မှစ၍ လက်တွေ့ကျကျ ကြိုးပမ်းသွားရန် လိုအပ်သည်။

**နှစ်ဟောင်းမှသည် နှစ်သစ်ဆီသို့**

ဆိုရလျှင် နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ရောက်ရှိတော့မည်ဖြစ်သည်။ နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုးတို့ကို ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံ၌ အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များရှိနေရန် လိုအပ်သည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ်ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ တစ်ဦးတစ်ယောက်ချင်းစီ၏ ကိုယ်စီဘဝများ တိုးတက်အောင်မြင်ရေးအပြင် မိသားစုနှင့် တိုင်းပြည်အကျိုးကိုပါ သယ်ပိုးနိုင်ရေးအတွက် နှစ်ဟောင်းတွင်ဆောင်ရွက်ခဲ့မှုများကို အပြန်ပြန် အလှန်လှန်သုံးသပ်၍ နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် ကြိုးပမ်းသွားကြပါစို့ဟု တိုက်တွန်းအကြံပြု ရေးသားလိုက်ပါသည်။

# ပုသိမ်မြို့နယ် ကျောက်စရစ်ကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပုသိမ် ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေ၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေများဖြင့် မရမ်းချောင်းကျေးရွာအုပ်စု ကျောက်စရစ်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်၊ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်နှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကျောက်စရစ်ကုန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက ကွန်ကရစ်ဘီးလမ်းရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျောက်စရစ်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၁၃၈၅ ပေ၊ တစ်ဖက်လျှင် အကျယ် နှစ်ပေ ခြောက်လက်မ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် သိန်း ၄၀ အသုံးပြု၍ မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျောက်စရစ်ကုန်းကျေးရွာရှိ အိမ်ခြေ ၆၇ အိမ်မှ လူ ၁၇၂ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေပြီဖြစ်ကြောင်း ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်ထံမှ သိရသည်။



ငြိမ်းသူ(လေင်း)

# ဗဟန်းမြို့နယ် ရွှေတောင်တန်းပန်းချီပြခန်းတွင် Creators အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်



**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ရွှေတောင်တန်းပန်းချီပြခန်းတွင် ပန်းချီဆရာခုနစ်ဦး၏ လက်ရာများကို စုပေါင်းပြသထားမည့် Creators အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်း တာဝန်ခံ မမေသရဖီဟိန်းက ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ထင်ရှားသည့် ပန်းချီဆရာများဖြစ်သည့် ပန်းချီ လှထွန်း၊ ပန်းချီ သိန်းဇော်၊ ပန်းချီ ကံကော်ရွှာ တင်ဝင်း၊ ပန်းချီ နန္ဒာ၊ ပန်းချီ ကေကေ၊ ပန်းချီ ရွှေနီထွန်း၊ ပန်းချီ ဝင်းမင်းတို့၏လက်ရာပန်းချီကား ၃၅ ကားကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇန်နဝါရီ ၁၀ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ဈေးကွက်ဝင် နာမည်ရပန်းချီဆရာခုနစ်ယောက်ရဲ့ လက်ရာစုံပန်းချီကား ၃၅ ကားကို ပြသပေးသွားမှာဖြစ်ပါတယ်။ ပန်းချီကားအားလုံးကတော့ ဒီနှစ်ကုန်ခါနီးမှ ရေးဆွဲထားတဲ့ ပန်းချီကားအသစ်တွေပါပဲ။ ပြခန်းမှာလဲ လာရောက်ကြည့်ရှုနိုင်ပါတယ်"ဟု မမေသရဖီဟိန်းက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၄၈×၃၆) လက်မ၊ (၂၇×၃၆) လက်မ၊ (၃၆×၄၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ၃၀၀၀၀၀ မှ အများဆုံးငွေကျပ် ၈၀၀၀၀၀ ထိရှိကြောင်း သိရသည်။ ASH

# The Black Phone-2 ဇာတ်ကားကို ဒါရိုက်တာ စကော့ဒါးရစ်ဆင် ရိုက်ကူးမည်

**နယူးယောက် ဒီဇင်ဘာ ၂၈**

Blumhouse စတူဒီယို၏ The Black Phone-2ဇာတ်ကားကို မူလ The Black Phone ဒါရိုက်တာစကော့ဒါးရစ်ဆင်ကပင် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။


ထို့ပြင် The Black Phone-2 ဇာတ်ကားတွင် မူလ The Black Phone မှ မင်းသား အီသန်ဟော့သည်လည်း The Grabber ဇာတ်ကောင်အဖြစ် ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် နွေရာသီတွင် ရုံတင်ပြသခဲ့သော The Black Phone သည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆၁ သန်းထိ ရရှိခဲ့သည့်အပြင် ရုပ်ရှင်ဝေဖန်ရေးဆရာများ၏ ချီးကျူးမှုလည်းရယူနိုင်ခဲ့သည်။

ထို့ပြင် The Black Phone ဇာတ်ကားသည် ၂၀၂၂ ခုနှစ် Saturn ရုပ်ရှင်ဆုပေးပွဲ၏ အကောင်းဆုံး ထိတ်လန့်သည်းဖို ဇာတ်ကားဆုနှင့် ၂၀၂၃ ခုနှစ် ဟောလိဝုဒ် ဝေဖန်ရေးဆရာများအသင်း၏ အကောင်းဆုံးထိတ်လန့်သည်းဖိုဇာတ်ကားဆုတို့ကိုပါ ရရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# ဒါးပိန်ပန်းပုအလုပ်ရုံများမှ ဟန်ခြသေ့ရုပ်များကို ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့က မှာယူလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီးရှိ ဒါးပိန်ပန်းပုအလုပ်ရုံများမှ ဟန်ခြသေ့ရုပ်များကို ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့က မှာယူလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်ကျေးရွာရှိ မြင့်မိုရ်ဦးပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့က မှာယူသည့် မလေးရှားပိတောက်သားဖြင့် ထုလုပ်ထားသော ဟန်ခြသေ့ရုပ်များမှာ အမြင့် ၅ ဒသမ ၅ လက်မနှင့် အမြင့် ၄ ဒသမ ၅ လက်မအရွယ်အစား နှစ်မျိုးကို မှာယူခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇင်ဘာလ နောက်ဆုံးပတ်မှာမှ အော်ဒါရတာဆိုတော့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလထဲမှာ အပြီးပေးရမှာပါ။ မှာတာကတော့ ရှမ်းပြည်ဘက်ကလဲမှာတယ်။ ဧရာဝတီတိုင်းဒေသကြီးဘက်ကလဲ မှာတယ်။ ကျွန်တော်တို့ ပန်းပုလောကအခေါ် ဟန်ခြသေ့ပုံပေါ့။ ဟန်ခြသေ့ဆိုတာ လည်ဆံဖွားဖွားနဲ့ အစာရှာထွက်လာတဲ့ တောဘုရင်ကြီးရဲ့ ဟန်ကိုပေါ်အောင် ထုလုပ်ရတာပါ။ အမြင့် ၅ ဒသမ ၅ လက်မနဲ့ အမြင့် ၄ ဒသမ ၅ လက်မ အရွယ်အစားနှစ်မျိုးကို ထုလုပ်ရတာပါ။ တစ်မျိုးကို အရုပ် ၂၀ စီ ထုလုပ်ရမှာပါ"ဟု မြင့်မိုရ်ဦးပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြသည်။



လက်ရှိ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)က မှာယူနေသည့် ဟန်ခြသေ့ရုပ်မှာ အမြင့် ၄ ဒသမ ၅ လက်မ အရွယ်အစားရှိက ဈေးကွက်အတွင်း တစ်ရုပ်လျှင် ငွေကျပ် ၁၁၀၀၀၀ ရှိပြီး အမြင့် ၅ ဒသမ ၅ လက်မ အရွယ်အစားမှာ ဈေးကွက်အတွင်း ငွေကျပ် ၁၂၅၀၀၀ ရှိကြောင်း သိရသည်။

ASH

# ဝါနာဘရားသား၏ ဇာတ်ကားသုံးကား ခရစ္စမတ်နေ့၌ အမေရိကန်ပြည်တွင်းဈေးကွက်ကို လွှမ်းမိုးနိုင်ခဲ့

**နယူးယောက် ဒီဇင်ဘာ ၂၈**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ ဇာတ်ကားသုံးကားက ခရစ္စမတ်နေ့တွင် အမေရိကန်ပြည်တွင်းဈေးကွက်ကို လွှမ်းမိုးနိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။

ဒီဇင်ဘာ ၂၅ ရက်တွင် ဝါနာဘရားသားကုမ္ပဏီ၏ The Color Purple၊ Aquaman and The Lost Kingdom နှင့် Wonka ဇာတ်ကားများက ဝင်ငွေအကောင်းဆုံးဇာတ်ကားများအဖြစ် ရပ်တည်နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ်အတွင်း Barbie ဇာတ်ကားအပါအဝင် ဝါနာဘရားသားကုမ္ပဏီ၏ ရုပ်ရှင်ဇာတ်ကားအများအပြားဝင်ငွေအရ အထူးအောင်မြင်ခဲ့သည်။

ဒါရိုက်တာ ဂရီတာဂျားဝစ်၏ Barbie ဇာတ်ကားမှာ ကမ္ဘာတစ်ဝန်းဝင်ငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃၉ ဘီလီယံထိရရှိခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်သည် ဝါနာဘရားသားကုမ္ပဏီ တည်ထောင်မှု နှစ် ၁၀၀ ပြည့်နှစ်ဖြစ်သည်။

လက်ရှိအချိန်တွင် အမေရိကန်ပြည်တွင်းဈေးကွက်၌ ဝါနာဘရားသားကုမ္ပဏီ၏ The Color Purple ဇာတ်ကားက ခရစ္စမတ်နေ့တွင် ဝင်ငွေအကောင်းဆုံးဇာတ်ကားအဖြစ် ရပ်တည်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Miss Planet International 2024 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် စုမြတ်ရည် ဝင်ရောက်ယှဉ်ပြိုင်မည်




**ရန်ကုန် ဒီဇင်ဘာ ၂၈**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် Miss Planet International ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် Miss Grand Myanmar 3rd Runner Up ဆုရှင် စုမြတ်ရည် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်းကပြောပြ၍ သိရသည်။

Miss Planet International 2024 ပြိုင်ပွဲသည် လေးကြိမ်မြောက်အဖြစ် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်မှ နိုင်ငံကိုယ်စားပြုအလှမယ်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

"ကမ္ဘောဒီးယားနိုင်ငံနဲ့ စုမြတ်က သိပ်မစိမ်းဘူးလို့ ပြောရမယ်။ Miss Grand Myanmar ပြိုင်ပွဲကို ဝင်ပြိုင်ကတည်းက စုမြတ်ကို ကမ္ဘောဒီးယားက ပရိသတ်တွေက အများကြီးအားပေးကြတယ်။ အခုဆိုလဲ ကမ္ဘောဒီးယားနိုင်ငံမှာလုပ်မဲ့ Miss Planet International မှာ ဝင်ပြိုင်မယ်လို့ကြားတာနဲ့ လာပြီးဆက်သွယ်ကြတယ်။ အများကြီးအားပေးကြတယ်။ Miss Planet International ပြိုင်ပွဲကတော့ ဘယ်အချိန်ပြိုင်ရမလဲဆိုတဲ့ အချိန်အတိအကျတော့ မသိရသေးဘူး။ ဒါပေမဲ့ အခုကတည်းကစပြီး ပြင်ဆင်နေပါပြီ"ဟု အလှမယ် စုမြတ်ရည်က ပြောပြ၍ သိရသည်။

ASH

# More than US$1.7 billion earned as trade surplus at border trade camps within eight months



The archway of Myawady border trade zone.

**Nay Pyi Taw December 28**

Myanmar's border trade camps could handle trade volume with more than US$1.7 billion of trade surplus within eight month period in 2023-24 financial year, according to the Ministry of Commerce.

Myanmar operates border trade camps along with borders of neighbouring countries namely China, Thailand, India, Bangladesh and Laos.

From 1 April to end of November in 2023-24 financial year, 17 Myanmar border trade camps handled trade value worth US$5,794.662 million.

In this regard, they managed US$3,779.196 million worth of export and US$2,015.466 million worth of import with $1.763 billion worth of trade surplus.

During the period, Hteekhee border handled US$1,881.603 million worth of export and US$171.265 million worth of import taking the first position of border trade value among other camps.

Muse camp also managed trade value worth US$1,610.234 million as the second position and Myawady US$975.448 million as the third position.

The least trade volume was managed by Kengtung, Mawtawng, Maungtaw and Tamu border camps.

During the period, Kengtung camp handled US$11.753 million worth of trade volume, Mawtawng camp US$15.849 million, Maungtaw camp US$16.897 million and Tamu camp US$16.391 million.

336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# 2,930 acres of sunflower cultivated against over 15,000 acres in YeU District

**YeU December 28**

A total of 2,930 acres of sunflower have been cultivated this winter crop season in YeU District, Sagaing Region, according to the data from the District Agriculture Department.

"This year, in YeU Township, we planted over 15,000acres more in winter than the rainy season, and we have targeted growing 15,184 acres of sunflower. And till today, 2,930 acres have been cultivated. We have cultivated good varieties of sunflowers this year. We also have done the work for boosting cultivation of sunflowers. The cultivation of sunflowers is mainly done in winter rather than the rainy season," said Zaw Myint Tun, head of YeU District Agriculture Department.

For the 2023-2024 fiscal year, 2,930 acres of sunflowers have been cultivated in YeU District. According to the township-wise cultivation plan for sunflower this fiscal year, there will be 3,698 acres in YeU Township and 3,187 acres in Debayin Township, totaling 15,184 acres.



A sunflower plantation.

For the extended cultivation of sunflower in YeU Township, the relevant township agriculture department has conducted training courses to increase the quality and productivity of sunflower as well as training courses for the staff and farmers who will engage in cultivation.

206

# More than 8,000 acres of kitchen crops planted in Monywa Township this year

**Monywa December 28**

More than 8,000 acres of kitchen crops have been planted in Monywa Township, Monywa District, Sagaing Region during this year's winter crop planting season, according to Department of Agriculture for Monywa Township.

During the 2023-2024 winter crop planting season, 7,297 acres of kitchen crops are planned to be planted in Monywa Township and since October this year, 8,162 acres have been planted.

"As a kitchen crop, we will improve the yield on a regular basis. We will make it possible to reduce the cost of kitchen crops. We will encourage GAP planting methods. Since it is a kitchen crop, we will provide technology so that it can be grown with a system of good agricultural practices to ensure that it is safe from danger. Those are the things that are being prioritized. The cultivation of this year's kitchen crop has improved," said U Soe Thet Aung, Head of the Department of Agriculture for Monywa Township.

206



Land being prepared for growing kitchen crops.

# Sales of maize from the mountainous areas have good demand

**Mandalay December 28**

The maize that has arrived from the mountain areas in the Thiri Marlar wholesale market in Aungmyethazan district of Mandalay have good demand, according to the maize sale centers in the market.

The maize come from PyinOoLwin and Nungcho areas, and seven to eight 6-wheeled vehicles regularly enter the Thiri Marlar wholesale market in Mandalay. The price of maize is good, with a price of 27,000 to 30,000 kyats for a 30-viss bag containing 110 buds of maize, said U Aung Moe Naing, the owner of the Aung wholesale center in Mandalay.

"The maize is sending from various mountainous areas. There is no maize harvested from the flat areas. We also have to send the maize to Lashio and Yangon. Lately, there have been fewer people growing maize. There is also dry maize entering the market. Now the maize from the mountains is coming in every day and the business is good. Like the rest of the green crops, maize is doing well," he explained.

185

# Pathein District completes harvest of more than 300,000 acres of monsoon paddy


Paddy being threshed with the help of machinery.

**Pathein December 28**

They started cultivation of 507,843 acres of monsoon paddy in the first week of June this year. The monsoon paddy was harvested starting from the second week of October this year, and so far, they have harvested 317,805 acres.

"We grew 507,843 acres of monsoon paddy in Pathein District. At present, local farmers are harvesting paddy. So far, they have 317,805 acres. The department assisted in cultivation of paddy for farmers with agricultural techniques and fertilizers. At present, their paddy fields can be seen with high per acre yield," said U Win Soe.

Officials from the Agriculture Department, Irrigation and Water Utilization Management Department, Agricultural Mechanization Department and Administrative bodies are joining hands in assisting the farmers in cultivation of monsoon paddy, and now such monsoon paddy secured 90.67 baskets per acre.

Kyaw Kyaw Lin

# Sagaing Region completes cultivating 2,291 acres of potatoes against target of 5,700 acres

**Sagaing December 28**

According to statistics from Sagaing Region Department of Agriculture, 2,291 acres of potato cultivation has been completed against a target to plant 5,700 acres of potatoes in Sagaing Region during this year's winter crop planting season.

"A total of 5,700 acres of potatoes have been earmarked for planting in Sagaing Region this winter. To date, 2,291 acres have been planted. Last year, we were able to plant more than the target. In Sagaing Region, there are not many acres of potatoes planted, but it is a crop that most people like, so it is normal in terms of acreage. There is no major expansion, there are some coming in from other places. There are potatoes coming in from Shan State," said U Aung Kyi Win, deputy head of the Sagaing Region Agriculture Department.

In Sagaing Region, potato farmers can expand their potato plantations. The Sagaing Region Department of Agriculture is taking measures to cultivate good varieties with the GAP system.

In the previous 2021-2022 winter crop growing season, 640 acres were grown in Mawlaik District, 585 acres in Tamu District, 145


A potato plantation.

acres in Kalay District, 218 acres in Khamti District, 443 acres in Naga region, 2,222 acres in Shwebo District, 678 acres in Katha District, and 124 acres in Kolin District totaling 5,055 acres.

This year, the potato market in Sagaing Region is getting a good price, and if one acre of potatoes is planted, the cost is between K800,000 and K900,000. One acre of potatoes produces 3,500 and 4,000 visses.

206

# Vessels need to be careful about sandbanks near Mingun in Ayeyawady River

**Mandalay December 28**

Ships need to be careful about sandbanks near Mingun in Ayeyawady River, said U Ye Tun Lin Aung, assistant director of water navigation department under the Directorate of Water Resources and Improvement of River Systems for Region-5, Mandalay Region.

It is said that this is the period of low tide in the Ayeyawady River, and there are changes in the water level in the river. From the last week of December, the water flow in the Ayeyawady River has started to change near Mingun.

"Recently, the waterways around Mingun have started to become congested. Passenger ships and cargo ships going from Mandalay Port to Mingun water channel need to take special precautions to avoid stranding," he continued.

Due to the period of low water in the Ayeyawady River, there are a lot of sandbanks and changes in the water course around Mingun. Therefore, passengers and cargo ships traveling from Mandalay Port along the waterway near Mingun need to pay special attention to the navigation signs on the water and on the shore.

184

# U.S. gives Ukraine year's final weapons package as Biden administration exhausts funding

**Washington December 28**

The U.S. State Department on Wednesday announced this year's final package of weapons and equipment to aid Ukraine, exhausting existing funding still at the Biden administration's disposal.

The arms and equipment in the package are worth up to 250 million U.S. dollars and are being provided "under previously directed drawdowns for Ukraine," Secretary of State Antony Blinken said in a statement.

"Capabilities provided in today's package include air defense munitions, other air defense system components, additional ammunition for high mobility artillery rocket systems, 155mm and 105mm artillery ammunition, anti-armor munitions, and over 15 million rounds of ammunition," Blinken said.

Assistance packages such as this just-announced one fall under the Presidential Drawdown Authority, which allows weapons to be pulled directly from the stocks of the Department of Defense so that they can be delivered to Ukraine in a swift manner.

The United States has already used up funds from another form of assistance for Ukraine, the congressionally-appropriated Ukraine Security Assistance Initiative, which enables the Department of Defense to purchase weapons for Kiev by signing contracts with arms manufacturers.

Xinhua

# China Focus: Chinese navy's 15-year quest for peace in Gulf of Aden, waters off Somalia

**Beijing December 28**

Travelling over 100,000 nautical miles during a 235-day voyage, Ma Liang, captain of the Chinese navy frigate Jingzhou, arrived in China earlier this month after successfully completing his latest escort mission in the Gulf of Aden and the waters off Somalia.

Ma is a member of the 44th fleet dispatched by the Chinese People's Liberation Army (PLA) Navy to carry out escort operations in the two areas. During the mission, the fleet escorted a total of 33 Chinese and foreign ships to ensure their safety on the sea.

Ma recalled that the first time he participated in one of these missions in 2009, the Gulf of Aden still faced a regular threat of pirates. Today, according to the navy officer, fewer and fewer pirates can be found in the busy gulf.

Since December 2008, China has been dispatching naval ships to carry out vessel protection operations in the Gulf of Aden and the waters off Somalia.

Over the past 15 years, 45 consecutive fleets, 150 vessels and 35,000 personnel of the PLA Navy have joined the efforts, escorting more than 7,200 Chinese and foreign vessels, including 12 World Food Program ships.

Xinhua



# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အီရတ်ရှိ အမေရိကန်နှင့်မဟာမိတ်ညွန့်ပေါင်းတပ်ဖွဲ့များ၏ စစ်အခြေစိုက်စခန်းတစ်ခုကို ဒရုန်းဖြင့် တိုက်ခိုက်ခံခဲ့ရ



အမေရိကန်နှင့် မဟာမိတ်ညွန့်ပေါင်းတပ်ဖွဲ့များအသုံးပြုသည့် အီရတ်မြောက်ပိုင်းရှိ စစ်အခြေစိုက်စခန်းတစ်ခုကို ဒီဇင်ဘာ ၂၅ ရက်က ဒရုန်းဖြင့် တိုက်ခိုက်ခံခဲ့ရသည်ဟု အမေရိကန်နှင့်အီရတ် တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အီရတ်တွင်တပ်စွဲထားသော အမေရိကန်ဦးဆောင်သည့် မဟာမိတ်ညွန့်ပေါင်းတပ်ဖွဲ့ကို IS အဖွဲ့၏ ပစ်မှတ်ထားတိုက်ခိုက်မှုသည် အောက်တိုဘာ ၇ ရက် အစ္စရေး-ဟားမတ်စ်ပဋိပက္ခ စတင်ချိန်ကတည်းက တိုးမြင့်လာခဲ့သည်။

ဒီဇင်ဘာ ၂၅ ရက် အမြစ်အပျက်တွင် အီရတ်နိုင်ငံ ကာဒစ်စတန်မြို့ Arbil လေဆိပ်အနီးရှိ အခြေစိုက်စခန်းသို့ ဒရုန်းတစ်စင်းဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အီရတ်၏စစ်ဘက်ရေးရာ ပြောရေးဆိုခွင့်ရှိသူ Yehia Rasool က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါတိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်တချို့ ဒဏ်ရာရရှိခဲ့ကြောင်း Rasool က ပြောကြားခဲ့ပြီး အသေးစိတ်အချက်အလက်များကိုမူ ထည့်သွင်းပြောကြားသွားခြင်းမရှိပေ။

Arbil လေဆိပ်အနီး အခြေစိုက်စခန်းတွင် အမေရိကန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့များကို ဒရုန်းဖြင့်တိုက်ခိုက်ခံခဲ့ရကြောင်း၊ ထိခိုက်ဒဏ်ရာရမှုနှင့် ပျက်စီးဆုံးရှုံးမှုကို စိစစ်လျက်ရှိကြောင်း အမေရိကန်စစ်ဘက်အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ထိုဖြစ်စဉ်နောက်ပိုင်း မကြာမီ အီရတ်ရှိ အစ္စလာမ္မစ်တော်လှန်ရေးသမားများက Arbil လေဆိပ်အရှေ့မြောက်ဘက် Harir အနီးရှိ အခြားအခြေစိုက်စခန်းတစ်ခုကို တိုက်ခိုက်ရန် ဒရုန်းတစ်စင်းကို ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

ထိုအခြေစိုက်စခန်းသည် အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များ အခြေစိုက်ရာနေရာလည်းဖြစ်သည်။

အီရတ်ရှိ အစ္စလာမ္မစ်တော်လှန်ရေးအဖွဲ့သည် ယခုအခါအီရတ်နိုင်ငံတပ်မတော်အတွင်းသို့ ပေါင်းစည်းထားသော ယခင်ပြည်သူ့စစ်အဖွဲ့ဝင်ဟောင်း Hashed Al-Shaabi ညွန့်ပေါင်းအဖွဲ့နှင့် ဆက်နွှယ်နေသော လက်နက်ကိုင်အဖွဲ့များလည်းဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၁၇ ရက်မှစပြီး အီရတ်နှင့် ဆီးရီးယားရှိ ၎င်း၏တပ်ဖွဲ့ဝင်များအပေါ် တိုက်ခိုက်မှု ၁၀၃ ကြိမ်ရှိပြီဟု အမေရိကန် စစ်ဘက်အရာရှိများက ရေတွက် မှတ်တမ်းတင်ထားနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်မှုအများစုကိုအီရတ်ရှိ အစ္စလာမ္မစ်တော်လှန်ရေးအဖွဲ့ကပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ထုတ်ဖော်ပြောကြားထားပြီး ဂါဇာတွင် ဟားမတ်စ်အပေါ် ဆင်နွှဲနေသည့် အစ္စရေး၏ပဋိပက္ခကို အမေရိကန်နိုင်ငံက ထောက်ခံအားပေးနေမှုများကို ဆန့်ကျင်ကန့်ကွက်လျက်ရှိသည်။

ဒီဇင်ဘာလအစောပိုင်းက ဘဂ္ဂဒက်ရှိ အမေရိကန်သံရုံးကို ဒုံးကျည်ဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ ဂါဇာတွင် ပဋိပက္ခစတင်ချိန်မှစ၍ ပထမဆုံးအကြိမ်အဖြစ် ၎င်းတိုက်ခိုက်မှုကို မည်သည့်အဖွဲ့ကမျှ ထုတ်ဖော်ပြောဆိုခြင်းမရှိပေ။

ဝန်ကြီးချုပ် Mohammed Shia Al-Sudani သည် ဖမ်းဆီးမှုအများအပြားကို ထုတ်ပြန်ကြေညာခဲ့ပြီး အချို့မှာလုံခြုံရေးဝန်ဆောင်မှုများနှင့် ချိတ်ဆက်မှုများရှိသည်ဟု ထုတ်ပြန်ခဲ့သည်။

အမေရိကန်တွင် အီရတ်စစ်သား ၂၅၀၀ ခန့်နှင့် ဆီးရီးယားတွင် ၉၀၀ ခန့် တပ်စွဲထားသည်။ နိုင်ငံတကာ ညွန့်ပေါင်းအဖွဲ့သည် IS အဖွဲ့ကို ၂၀၁၄ ခုနှစ်မှစတင်၍ တိုက်ခိုက်ခဲ့သည်။

**New Drone Attack Against US Troops in Iraq, Injuries Reported ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျပန်က PAC3 မြေပြင်မှဝေဟင်ပစ်ဒုံးကျည်ကာကွယ်ရေးစနစ်များကို အမေရိကန်သို့ရောင်းချရန်စီစဉ်နေ

ဂျပန်နိုင်ငံသည် ဆယ်စုနှစ်တစ်ခုနီးပါးအတွင်း ပထမဆုံးအကြိမ်အဖြစ် လက်နက်တင်ပို့ရေးထိန်းချုပ်မှုများကို ဖြေလျှော့၍ Patriot Advanced Capability-3 (PAC3) မြေပြင်မှဝေဟင်ပစ်ဒုံးကျည်ကာကွယ်ရေးစနစ်များကို အမေရိကန်သို့ ရောင်းချရန်စီစဉ်နေကြောင်း ဂျပန်ဝန်ကြီးချုပ်၏အစိုးရအဖွဲ့မှ အမျိုးသားလုံခြုံရေးအရာရှိတစ်ဦးက ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် စစ်ရေးစွမ်းရည်ကို သိသိသာသာ ကန့်သတ်ထားသည့် ၎င်း၏ ငြိမ်းချမ်းရေးဖွဲ့စည်းပုံ အခြေခံဥပဒေအောက်တွင် စစ်လက်နက်တင်ပို့မှုကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားသည်။

နိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းသည် သေးငယ်ပြီး တစ်ခုတည်းသော ဖောက်သည်မှာ ဂျပန်စစ်တပ်ဖြစ်ပြီး ဈေးကွက်သည် နှစ်စဉ် ယန်း သုံးထရီလီယံ (အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံ)ခန့်ရှိပြီး အမေရိကန် ကာကွယ်ရေးကုမ္ပဏီတချို့၏ နှစ်စဉ်ဝင်ငွေထက် များစွာ နည်းပါးသည်။

ဂျပန်နိုင်ငံက ကာကွယ်ရေးပစ္စည်းတင်ပို့မှုဆိုင်ရာ လက်ရှိစည်းမျဉ်းများတွင် စည်းမျဉ်းသစ်တစ်ရပ်ကို ထည့်သွင်းရန် ဒီဇင်ဘာ ၂၂ ရက်တွင် ရွှေ့ဆိုင်းခဲ့ကြောင်း ဂျပန်ဝန်ကြီးချုပ်၏အစိုးရအဖွဲ့မှ အမျိုးသားလုံခြုံရေးအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

စည်းမျဉ်းသစ်ကို ဒီဇင်ဘာ ၂၂ ရက်နှောင်းပိုင်းတွင် ပြုလုပ်သည့် အစိုးရအဖွဲ့အစည်းအဝေးတွင် အတည်ပြုရန် စီစဉ်ထားပြီး ဂျပန်နိုင်ငံသည် ပြည်တွင်း၌ ထုတ်လုပ်သည့် လက်နက်များကို နိုင်ငံခြားကုမ္ပဏီတစ်ခု၏လိုင်စင်ဖြင့် အဆိုပါနိုင်ငံသို့ တင်ပို့နိုင်လိမ့်မည်ဟု ၎င်းကထည့်သွင်းပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် Patriot Advanced Capability-3 (PAC3) မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်ကာကွယ်ရေးစနစ်ကို ထုတ်လုပ်ခဲ့ပြီး အဆိုပါစနစ်ကိုတီထွင်ခဲ့သည့် အမေရိကန်ကာကွယ်ရေးကုမ္ပဏီ Lock-heed Martin ကုမ္ပဏီကို လိုင်စင်ကြေးပေးဆောင်ကာ ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သီအိုရီအရစည်းမျဉ်းသစ်သည် PAC3 ဒုံးလက်နက်စနစ်ကို အမေရိကန်သို့ တင်ပို့ရောင်းချနိုင်သည်ဟု ဂျပန်ဝန်ကြီးချုပ်၏အစိုးရအဖွဲ့မှ အမျိုးသားလုံခြုံရေးအရာရှိတစ်ဦးက ပြောကြားခဲ့သည်။



ဂျပန်နိုင်ငံ၏ PAC3 ဒုံးကျည်စနစ်ကို အမေရိကန်သို့တင်ပို့ရန် အစီအစဉ်သည် ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်မှစ၍ ၎င်း၏ သေစေတတ်သော စစ်လက်နက်များပြည်ပသို့ ပထမဆုံးတင်ပို့မှုဖြစ်လာမည်ဟု ပြည်တွင်းမီဒီယာများက ဖော်ပြခဲ့ကြသည်။

စစ်လက်နက်ပစ္စည်းများတင်ပို့ရန် အစီအစဉ်သည် အမေရိကန်၏ တောင်းဆိုချက်အရဖြစ်သည်ဟု အာဏာရပါတီ အကြီးတန်းအရာရှိတစ်ဦးက သတင်းထောက်များကို ယခုသီတင်းပတ်တွင် ပြောကြားခဲ့မှုကိုကိုးကား၍ Kyodo News သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဂျပန်ဝန်ကြီးချုပ် Fumio Kishida နှင့် ဩဂုတ်လအတွင်းက Camp David ၌ တွေ့ဆုံမှုနှင့် ပြီးခဲ့သည့်လက ဆန်ဖရန်စစ္စကိုတွင်ပြုလုပ်ခဲ့သည့် စီးပွားရေးထိပ်သီးအစည်းအဝေးတွင် အဆိုပါအကြောင်းအရာအပေါ် ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ယခု သီတင်းပတ်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးချို့တဲ့မှု၏ နောက်ကွယ်တွင် ခေတ်မီဆန်းသစ်သော စစ်လက်နက်များ ပံ့ပိုးပေးရန် အမေရိကန်က ၎င်း၏ မဟာမိတ်များကို ပိုမိုရှာဖွေနေပြီး တောင်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်း ရာနှင့်ချီသော အမြောက်ကျည်များကို ယူကရိန်းသို့ တိုက်တဆိတ် ပေးအပ်သွားမည်ဟု ကတိပြုခဲ့ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ရေးသားဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံသည် ကာကွယ်ရေးပစ္စည်းများ တင်ပို့မှုအားလုံးကို တားမြစ်ခဲ့ဖူးသော်လည်း ၂၀၁၄ ခုနှစ်တွင် ဂျပန်ဝန်ကြီးချုပ် Shinzo Abe အစိုးရလက်ထက်တွင် စည်းမျဉ်းများကို ဖြေလျှော့ခဲ့ဖူးသည်။

**Japan to Ease Arms Export Controls Allowing PAC3 Sale to US: Official ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၂၉၃၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာစိုက်ခင်းကိုတွေ့ရစဉ်။

**ရေဦး ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဧက ၂၉၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၅၁၈၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၉၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရေဦးခရိုင်မှာ ဆောင်းနေကြာ ဧက ၁၅၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ အခု ဧက ၂၉၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဆက်လက်စိုက်ပျိုးနေကြပါတယ်။ နေကြာစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းတဲ့မျိုးတွေ စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ နေကြာတိုးချဲ့စိုက်ပျိုးဖို့အတွက်လဲ လုပ်ဆောင်နေပါတယ်။ နေကြာစိုက်ပျိုးမှုက မိုးမှာထက် ဆောင်းမှာ အဓိကထားစိုက်ပျိုးကြပါတယ်" ဟု ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် နေကြာ စိုက်ပျိုးပြီးစီးမှုအနေဖြင့် တန့်ဆည်မြို့နယ်တွင် ၁၂၅၈ ဧကနှင့် ဒိပဲယင်းမြို့နယ်တွင် ၁၆၇၂ ဧက စုစုပေါင်းဧက ၂၉၃၀ ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၃၆၉၈ ဧက၊ တန့်ဆည်မြို့နယ်တွင် ၃၁၈၇ ဧကနှင့် ဒိပဲယင်းမြို့နယ်တွင် ၈၂၉၉ ဧက စုစုပေါင်း ၁၅၁၈၄ ဧက ဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် နေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၉၉၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစ၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ တန့်ဆည်မြို့နယ်တွင် ၆၇ ဧကနှင့် ဒိပဲယင်းမြို့နယ်တွင် ၄၉၂၉ ဧက စုစုပေါင်း ၄၉၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# မြစ်ကြီးနားမြို့နယ် မော်ဖောင်းနယ်မြေ(၈)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**မြစ်ကြီးနား ဒီဇင်ဘာ ၂၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မော်ဖောင်းနယ်မြေ(၈)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရဲမင်းကျော်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေကျပ် ၁၆၁ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်သည့် မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာအုပ်စု မော်ဖောင်းနယ်မြေ (၈) ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြစ်ကြီးနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ ပြည်နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။



မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာအုပ်စု မော်ဖောင်းနယ်မြေ (၈) ကျေးရွာ၌ လမ်းအရှည် ပေ ၂၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇွန် ၁၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာနေပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှထံမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မင်းလှမြို့နယ် ညောင်ပင်သာအရှေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်သာအရှေ့ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အရင်း၊ အတိုးများကို သတ်မှတ်ကာလအတွင်း ပေးသွင်းစေလိုကြောင်း၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ထမ်းဆောင်ရမည့် တာဝန်နှင့်ဝတ္တရားများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ခံစားခွင့်အခြေအနေများ၊ ပြစ်မှုပြစ်ဒဏ်များကို ပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ညောင်ပင်သာအရှေ့ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၂ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ညောင်ပင်သာအရှေ့ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၂၀ ကို ငွေကျပ် ၅၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် ၁ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၂ ဦးကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီးဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၈-၁၂-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၆၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၁၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုးတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာ၊ သာယာအေးကျေးရွာနှင့် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာတို့တွင် သမဝါယမလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာ ကျေးရွာဘက်စုံသုံးခန်းမ၌ သမဝါယမအသင်းသားတောင်သူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဝန်ကြီးဌာနက စိုက်ပျိုးရေရရှိရေး နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ပေးပြီးဖြစ်၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေး ရေသုံးစွဲသူများအစုအဖွဲ့ဖွဲ့စည်း၍ ရန်ပုံငွေများကောက်ခံဆောင်ရွက်ရန်၊ ရာသီအလိုက်သီးနှံများ သီးထပ် သုံးသီးစိုက်ပျိုးဆောင်ရွက်ကြရန်၊ အကျိုးအမြတ်များရရှိနိုင်မည့် ဈေးကွက်ဝင် စပါးမျိုးကောင်းမျိုးသန့်နှင့် ဆောင်းသီးနှံများ စိုက်ပျိုးရန်၊ ပန်းတိုင်အထွက်နှုန်းရရှိရေး လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ မြေအမျိုးအစား၊ စိုက်ပျိုးရေ၊ စိုက်ပျိုးနည်းစနစ်များအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် သမဝါယမအသင်းသား တောင်သူများအတွက် လိုအပ်သည့် သွင်းအားစုများကို အချိန်မီရရှိရေး ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး အသင်းသားတောင်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်နေမှုနှင့်ရေသန့်စင်စနစ်ဆောင်ရွက်နေမှု ရှားစေးဖိုကျေးရွာ၌ ဆင်သေချောင်း ယာယီချောင်းပိတ်ပြီး လျှပ်စစ်ရေတင်လုပ်ငန်းများ လည်ပတ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာ၊ သာယာအေးကျေးရွာတို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပြီး ယခုအခါ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဆင်သေချောင်း ယာယီရေထိန်းဆည် တည်ဆောက်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်အစိုးရက ကျေးရွာနေပြည်သူများ၏လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီးဖြစ်၍ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် နှစ်စဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် ရေသုံးစွဲသူအစုအဖွဲ့များ စနစ်ကျဖွဲ့စည်း၍ ရန်ပုံငွေများ ကောက်ခံဆောင်ရွက်ရန်၊ စိုက်ပျိုးနိုင်သည့်မြေများတွင် ရာသီအလိုက်သီးနှံများ သီးထပ်သုံးသီး စိုက်ပျိုးဆောင်ရွက်ရန် ဆွေးနွေးပြောကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကော့ကရိတ်မြို့နယ် နဘူး-နှစ်ခြားကျေးရွာတွင် ယာယီပြောင်းရွှေ့နေထိုင်သော နေရပ်စွန့်ခွာပြည်သူများကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်



**ဘားအံ ဒီဇင်ဘာ ၂၈**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကော့ကရိတ်မြို့နယ် နဘူး-နှစ်ခြားကျေးရွာတွင် ယာယီပြောင်းရွှေ့နေထိုင်သော နေရပ်စွန့်ခွာပြည်သူများကို ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက် စသည့်စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နဘူးကျေးရွာ အောင်သိဒ္ဓိကျောင်းတိုက်အုပ်ဆရာတော် ဘဒ္ဒန္တကုန္တကနှင့် မြို့နယ်သံဃနာယက အကျိုးတော်ဆောင် (ရွှေကျင်)ဆရာတော် ဘဒ္ဒန္တသုမနတို့အား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြကာ ဆန်၊ ဆီ စသည့် လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ယာယီနေရပ်စွန့်ခွာပြည်သူများကို ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို အောင်သိဒ္ဓိကျောင်း ဓမ္မာရုံ၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယာယီနေရပ်စွန့်ခွာသူများတွင် ကျောင်းနေအရွယ်များပါဝင်ပါက ပညာရေးနှောင့်နှေးမှုမဖြစ်စေရေး ရောက်ရှိနေရာတွင် ပညာသင်ကြားနိုင်အောင် စီမံဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများကို မှာကြားထားပြီးဖြစ်ကြောင်း၊ အပြစ်မဲ့ပြည်သူများ အတိဒုက္ခရောက်ရှိစေရန် အဖျက်အမှောင့်လုပ်ငန်းများကို ရည်ရွယ်ဆောင်ရွက်သူများအနေဖြင့် ကောင်းကျိုးချမ်းသာကို ရရှိခံစားရမည်မဟုတ်ဘဲ မိမိနေရပ်၊ မိမိဒေသတည်ငြိမ်အေးချမ်းစေရန် မိဘပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုကဲ့သို့ ယာယီပြောင်းရွှေ့နေထိုင်ရခြင်းသည် အခိုက်အတန့်တစ်ခုသာဖြစ်ပြီး မူလဒေသတွင် ပြန်လည်နေထိုင်နိုင်ရေး အေးချမ်းတည်ငြိမ်မှုရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ မကြာမီအိမ်ပြန်ကြရမည်ဖြစ်ကြောင်း၊ ယာယီပြောင်းရွှေ့နေထိုင်စဉ်ကာလအတွင်း လိုအပ်သည့်ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အချင်းချင်းရိုင်းပင်းကူညီ၍ ကျန်းကျန်းမာမာ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်ကြစေလိုကာ ငြိမ်းချမ်းရန်အတွက် ဆုတောင်းမေတ္တာများ ပို့သပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နဘူး-နှစ်ခြားကျေးရွာတွင် ယာယီပြောင်းရွှေ့နေထိုင်သော နေရပ်စွန့်ခွာ အိမ်ထောင်စုများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီတစ်လီတာ၊ ခေါက်ဆွဲခြောက် ၁၀ ထုပ်နှုန်းဖြင့် စုစုပေါင်းအိမ်ထောင်စု ၃၅၇ စုအတွက် ဆန် ၂၄ ပြည်အိတ် ၉၀၊ ခေါက်ဆွဲခြောက်ဖာ ၉၀၊ ဆီပီသာ ၁၈၀ တို့ကို ထောက်ပံ့ပေးအပ်ကာ ယာယီနေရပ်စွန့်ခွာပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နဘူးတိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကို တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ ကြက်ဥ၊ ကွေကာအုပ် စသည့် အာဟာရဖြည့်စွက်အစားအစာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နဘူးတိုက်နယ်ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆေးရုံအုပ်ကြီး၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများကို စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး အထွေထွေအသုံးစရိတ်ငွေကျပ်သုံးသိန်းကို ဆေးရုံအုပ်ကြီးထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစ်ကြီးနားမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သာသနာ့နွယ်ဝင် သီလရှင်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်လှည့်ဆေးကုသရေး အဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်နှင့် ယနေ့တို့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော် ၄၁ ပါးတို့ကို အဆိုပါမြို့ရှိ အံတော်ရှင်တောင်တန်းသာသနာပြု(ဗဟို) ကျောင်းတိုက်၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၀)နှင့် ပတ်ဝန်းကျင်ရပ်ကွက်များမှ သံဃာတော် ၆၂ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၅၁ ပါးနှင့် ဒေသခံပြည်သူ ၃၂ ဦးတို့ကို အဆိုပါရပ်ကွက်ကြီးရှိ ရွှေစေတီရိပ်သာခွဲ၊ ဇယန်း၊ နမ့်ဆမ်၊ သာသနာ့ရက္ခိတ သီလရှင်စာသင်တိုက်တို့၌လည်းကောင်း အသီးသီး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးအဖွဲ့များက ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးသွေးကြောရောဂါ စမ်းသပ်စစ်ဆေးခြင်း၊ တီဗီဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်း၊ ဆီးချိုသွေးချိုစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များနှင့်သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်၊လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပျဉ်းမပင်ရွာနှင့် ရေတာရှည်မြို့နယ်တို့မှ ကျေးရွာများအတွင်းသို့ တပ်မတော်က လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ပြည်သူအချို့သေဆုံးခဲ့ကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပျဉ်းမပင်ရွာကို ဒီဇင်ဘာ ၂၇ ရက်က တပ်မတော်မှလက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူ တစ်ဦးသေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ရေတာရှည်မြို့နယ် သာယာကုန်းကျေးရွာနှင့် ဒိုးတန်းကျေးရွာများတွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာများအတွင်းသို့ လက်နက်ကြီးများပစ်ခတ်ခဲ့မှုကြောင့် ပြည်သူတစ်ဦးသေဆုံးခဲ့ကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို KhitThitMedia က လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။







အဆိုပါသတင်းနှင့်ပတ်သက်၍ မြေပြင်စစ်ဆေးတွေ့ရှိချက်များနှင့် သက်ဆိုင်ရာနယ်မြေများမှ တာဝန်ရှိသူများ၏ပြောကြားချက်အရ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပျဉ်းမရွာကို ဒီဇင်ဘာ ၂၇ ရက်က တပ်မတော်မှ လက်နက်ကြီး ပစ်ခတ်ခဲ့ခြင်းမရှိကြောင်း၊ အလားတူ ရေတာရှည်မြို့နယ်မှ သာယာကုန်းကျေးရွာနှင့်ဒိုးတန်းကျေးရွာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သောင်းကျန်းသူများ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် ပြည်သူများထိခိုက်ဒဏ်ရာရရှိခဲ့မှုမရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာ KhitThit သည် ကောလာဟလသတင်းများ၊ မဟုတ်မမှန်သတင်းများဖြင့် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ပြည်သူများက အထင်အမြင်လွဲမှားစေရန်တို့အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ငါးတန့်အိုင်ကျေးရွာ ဒေသခံရွာသူ၊ ရွာသား ၈၃ ဦး ဖမ်းဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ငါးတန့်အိုင်ကျေးရွာတွင် ဒီဇင်ဘာ၂၇ ရက် နံနက် ၉ နာရီခန့်က ဒေသခံရွာသူ၊ ရွာသား ၈၃ ဦးအား ကျေးရွာရှိဘုန်းကြီးကျောင်းတွင် ဖမ်းဆီးထားကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ သပိတ်ကျင်းမြို့နယ် ငါးတန့်အိုင်ကျေးရွာအနီးတွင် အကြမ်းဖက်သမားများက ဒေသခံပြည်သူများကို ငွေကြေး၊ ပစ္စည်းများလုယက်ယူဆောင်ခြင်း၊ အကြမ်းဖက် သတ်ဖြတ်ခြင်းများပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသဖြင့် တပ်မတော်က နယ်မြေလုံခြုံရေးဆောင်ရွက်ပေးလျက်ရှိပြီး ရွာသူ၊ ရွာသားများကို ဖမ်းဆီးခြင်းမရှိကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများ အနေဖြင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ပေးလျက်ရှိပြီး ပြည်သူများကြောက်ရွံ့ထိတ်လန့်လာစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် သတင်းတု၊ သတင်းမှားများကို လုပ်ကြံဖန်တီး ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။



# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ်သိန်း ၂၅၃၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၀ ဒသမ ၁၂ ကီလို ဖမ်းဆီးရမိ



**နေပြည်တော် ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ်သိန်း ၂၅၃၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၀ ဒသမ ၁၂ ကီလိုဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ၂၄ရက် နံနက် ၁၀နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်း ရပ်ကွက် ၅၄လမ်း၊ ၁၂၄-၁၂၅ လမ်းကြားတွင် CALDINA မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ဝင်းထက်ဦး(ခ)ပိုးချည်လုံးနှင့် လတောင်နော်ဘောက်တို့နှစ်ဦး သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၂၅၃၀ တန်ဖိုးရှိ ဆပ်ပြာခွက် ၁၀၁၂ခွက်ဖြင့် ထည့်လျက် ဘိန်းဖြူ ၁၀ ဒသမ ၁၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဘိန်းဖြူများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၂၈၆၈ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၂၈၆၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၂၈၆၈ ဧကကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမည့် ဆီထွက်သီးနှံ ၁၂၈၆၈ ဧကတွင် မြေပဲ ၅၇၂၄ ဧက၊ နှမ်း ၃၇၂ ဧက၊ နေကြာ ၆၇၇၂ ဧက ပါဝင်ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်အတွင်း ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံတွေမစိုက်မီ စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးနေပါတယ်။ ဒါ့ပြင် တောင်သူတွေ စိုက်ပျိုးတဲ့ဆောင်းသီးနှံတွေ အထွက်နှုန်းကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကိုလဲ ပံ့ပိုးပေးဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်စီစဉ်နေပါတယ်။ ဓာတ်မြေဩဇာတွေကိုလဲ စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းလုပ်ဆောင်ပေးနေပါတယ်။ အထွက်နှုန်းနဲ့ သီးနှံတွေ အရည်အသွေးပြည့်မီရေးအတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဆီထွက်သီးနှံအပါအဝင် ဆောင်းသီးနှံများ အားလုံးလျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန စသည့် အဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆီထွက်သီးနှံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမျိုးစေ့တွေကို ရွေးချယ်စိုက်ပျိုးမှာဖြစ်ပါတယ်။ ဓာတ်မြေဩဇာနဲ့ အခြားစိုက်ပျိုးရေး နည်းပညာတွေကို အသုံးပြုနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကူညီပေးပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးရာမှာ ဒေသရေမြေရာသီဥတုနဲ့ကိုက်ညီတဲ့ သီးနှံတွေကို အဓိကစိုက်ပျိုးမှာဖြစ်ပါတယ်"ဟု ဝါးခယ်မမြို့နယ်မှ တောင်သူဦးလှဋ္ဌေးက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ညောင်ဦးမြို့နယ် ကြို့ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ထီးပုကျေးရွာအုပ်စု ကြို့ပင်သာကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရာ၌ ရန်ပုံငွေလေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်ကြရန်၊ စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းရန်ပုံငွေစာရင်းဇယားများကို စနစ်တကျမှတ်တမ်းပြုစု ထိန်းသိမ်းဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက ကြို့ပင်သာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၁၉၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၁၀၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကိုငွေကျပ် ခြောက်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးကို ပထမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**








# ဖြစ်လိုရာဆန္ဒ

**ကိုရွှေတောသား(ဆင်ကူး)**

(၁)

"ကိုမင်းမောင် ရှင်မအိပ်သေးဘူးလား"

ခုတင်စွန်းခြေနှစ်ဖက်ချ၍ ငုတ်တုတ်ထိုင်နေသော ခင်ပွန်းဖြစ်သူကို ဒေါ်သန်း မေးလိုက်သည်။ ပြောလို့သာ ပြောရသည် ဒေါ်သန်းတစ်ယောက်လည်း အိပ်မရနိုင်သေး။ သားသမီးများ ဒုက္ခရောက်နေသည်ကို သိရချိန် ဘယ်မိဘကများ စိတ်ချမ်းသာမည်နည်း။ တစ်နေ့လုပ်မှ တစ်နေ့စားရသည့် မိသားစုများအဖို့ ပို၍ပင်ခက်လှပေ၏။ ဦးမင်းမောင်နှင့် ဒေါ်သန်းတို့ အသက်အရွယ်များသည် မငယ်တော့။ ၅၀ ကျော် ၍ ၆၀ ခန့် ရောက်နေလေပြီ။ ယခုထက်ထိတိုင် မနားရရှာသေး။ ကျောင်းနေအရွယ် အိမ်ရှိသားသမီးကအစ အိမ်ထောင်ခွဲသားသမီးများထိ တွေး၍ ရတက်မအေးနိုင်စွာ ပူပန်နေရလေသည်။

"ဘယ်လိုလုပ် အိပ်နိုင်မှာလဲ အသန်းရယ်။ ငါ့သားကြီးကြည့်ပြီး ငါတော့ သနားလိုက်တာဟာ။ ဒီအတွက် ငါဘယ်လိုလုပ်ပေးရရင်ကောင်းမလဲပဲ တွေးနေမိတာ"

ဦးမင်းမောင်စကားကြောင့် ဒေါ်သန်းရင်ထဲ ပို၍ ပူလောင်သွားရသည်။ တစ်ဆက်တည်းတွင် နေ့လယ်က သားကြီးဖြစ်သူ အိမ်ကိုလာပြီး အကူအညီတောင်းသည့် စကားများကို ကြားယောင်နေမိသည်။

"အမေ အမေ့မြေးက အတော်ဖြစ်နေတာအမေရဲ့။ တတ်နိုင်ရင် ဆေးရုံတင်ဖို့ဆရာဝန်တွေက တိုက်တွန်းနေကြတာ။ သားမှာကလဲ ပိုက်ဆံက ရှာမရဘူးဖြစ်နေတယ်။ အင်းလေ ကိုယ်ယူထားတဲ့ အရင်ကြွေးတောင်မကျေနိုင်သေးတာ နောက်ထပ်ဘယ်သူကများ ပေးပါ့မလဲ"

"မြေးလေးက ဘာဖြစ်တာတဲ့လဲ သားကြီး"

"ဆရာဝန်တွေကတော့ ကျောက်ကပ်ရောင်တာလို့ ပြောတာပဲအမေရာ။ ဆေးရုံတက်ပြီး ဆေးစစ် သွေးစစ် ဓာတ်မှန်လေးဘာလေးရိုက်ကြည့်မှ ရောဂါက တိတိကျကျ သိနိုင်မှာတဲ့လေ။ အပြင်ဆေးခန်းတွေက ဒီလောက်ပဲတတ်နိုင်တာ ဆေးရုံတင်လိုက်တာ အကောင်းဆုံးလို့ ပြောတာပါပဲအမေရာ"

"အင်း ဒီရောဂါဆိုရင်တော့ စိုးရိမ်စရာကောင်းတယ်သား။ ဆေးရုံတက်တာကောင်းတယ်ဆိုပေမဲ့ ကုသစရိတ်ကလဲ နည်းမယ်မထင်ဘူး။ နေပါအုံး အဖေတို့ ကြံကြည့်လိုက်ပါအုံးမယ် သားကြီးရာ။ သားကြီးလဲ မြေးလေးအတွက် ပူပန်ရတာလဲပူပန်ရတာပေါ့ ကိုယ့်ကျန်းမာရေးလဲ ကိုယ်ဂရုစိုက်အုံး။ ဟိုစကားပုံလိုပေါ့ကွာ တောင်ဝှေးလဲတော့ ဖိုးသူတော်ကထူနိုင်ပေမဲ့ ဖိုးသူတော်လဲ လဲရော တောင်ဝှေးက မထူနိုင်ဘူးတဲ့လေ။ အိမ်မှာက ကိုယ့်ကိုမှီခိုပြီးစားနေကြတဲ့မိသားစုတွေက ရှိသေးတယ် မဟုတ်လား"

ဦးမင်းမောင်က သားကြီးဖြစ်သူကို ဖျောင်းဖျနှစ်သိမ့်သည်။ သားအချစ် မြေးအနှစ်ဆိုသည့် စကားလိုပင် ဦးမင်းမောင်နှင့်ဒေါ်သန်းတို့သည်လည်း သားက မွေးထားသည့် မြေးလေးအတွက် စိတ်မကောင်းဖြစ်ရသည်။

"သားလဲ အဖေတို့၊ အမေတို့ကို မပြောချင်ပါဘူး။ ဒါပေမဲ့ သားမှာက ကျဉ်းတည်းကျပ်တည်းရောက်နေလို့ ပြောရတာပါ။ ဖြစ်နိုင်ရင် သားကို ပိုက်ဆံလေး မရရအောင်ရှာပေးကြပါအုံး အဖေနဲ့အမေ"

"အေးပါ သားကြီးရယ်။ အေးပါ အေးပါ"

ဒေါ်သန်းတစ်ယောက် တွေးရင်းပင် သက်ပြင်းမောကြီး ချမိနေသည်။

"ဟဲ့ အသန်း တို့တွေဒီလိုလုပ်ကြရင်ကောင်းမလား"

ဦးမင်းမောင်က တစ်ခုခုကိုတွေးမိသည့်နှယ်ပြောသည်။ ဒေါ်သန်းက နားမလည်နိုင်စွာ ပြန်မေးသည်။

"ရှင့်ဟာက အစမရှိ အဆုံးမရှိ ဘယ်လိုလဲ ကျွန်မ နားလည်အောင်ပြောပါအုံး"

ဦးမင်းမောင်က တော်တော်နှင့်မဖြေ။ အိမ်ပြင်ဘက်ဆီက လရောင်ဖြင့် ဝိုးတဝါးမြင်နေရသည့် လမ်းမထက်က မီးတိုင်လေးများဆီ ငေးကြည့်နေလိုက်သေးသည်။ ခဏကြာမှ သူ့ဆန္ဒကို ပြောသည်။ ဦးမင်းမောင် ပြောသည့်စကားအတိုင်း ဒေါ်သန်းလည်းသဘောတူလက်ခံရလေတော့သည်။

(၂)

"အမေတို့ကလဲဗျာ သားတို့ကိုတောင်မတိုင်ပင်ဘူး။ ကိုယ်လုပ်ချင်တာ လုပ်လိုက်ကြတယ်။ ကဲ ထားပါတော့၊ တကယ့်တကယ် ဒီအိမ်နဲ့ခြံကိုပြန်မရွေးနိုင်ပါဘူးတဲ့ အမေတို့က ဘယ်မှာသွားနေမှာလဲ ပြောကြပါအုံး"

အိမ်၌ရှိသော သားဖြစ်သူက အပြစ်တင်စကားဆိုသည်။ ဦးမင်းမောင်က သားဖြစ်သူကို ဘာစကားမှ ပြန်မပြောဘဲ မော့ပြီးကြည့်နေသည်။ ဒေါ်သန်းက သားဖြစ်သူကို နားလည်အောင်ပြောပြသည်။

"သားလေးရယ် အဲဒီလိုတော့ အဖေတို့၊အမေတို့ကလဲအဖြစ်ခံပါ့မလား။ မဆုံးအောင်ပြန်ရွေးရမှာပေါ့။ အခုဟာက မင်းအစ်ကိုကြီးသားလေး ဆေးရုံတင်ရမှာမို့လို့လုပ်လိုက်ရတာ"

"သူ့ဟာသူ ဆေးရုံတင်ရုံမကလို့ ဘာဖြစ်နေနေပေါ့။ အဲဒီလောက်ကြီးတော့ အမေတို့မလုပ်သင့်ဘူး။ တကတဲကွာ အိမ်ထောင်ကျလို့ ကိုယ့်အိုးကိုယ့်အိမ်နဲ့ဖြစ်နေတာတောင် မိဘကိုဒုက္ခပေးနေသေးတယ်"

"သားလတ်"

သားဖြစ်သူ စကားမဆုံးခင် ဦးမင်းမောင်က ထအော်လိုက်သည်။ ရုတ်တရက် အားလုံးငြိမ်သွားသည်။ ဒေါ်သန်းတစ်ယောက်လည်း သားဖြစ်သူကို နားမလည်နိုင်စွာ ကြည့်နေမိသည်။

"သားလတ် မင်းစကားတွေ နည်းနည်းလေးမှ နားထောင်မကောင်းဘူး။ မင်း အခုပြောနေတာသူစိမ်းလား၊ ကိုယ့်ညီအစ်ကိုလား မင်းမစဉ်းစားတော့ဘူးလား။ မင်းကျေးဇူးတရားကို မသိတတ်ရင်နေပါစေ ကျေးဇူးတော့မကန်းသင့်ဘူး။ မင်းအစ်ကိုကြီး မင်းတို့အပေါ်မှာ ဘယ်လောက်အနစ်နာခံခဲ့ရလဲ၊ ဘယ်လောက်အပင်ပန်းခံခဲ့ရလဲ မင်းတို့နည်းနည်းလေးတော့ တွေးကြည့်ကြစမ်းပါကွ"

ဖခင်ဖြစ်သူ၏ ဒေါသပြင်းပြင်းစကားများကြောင့် သားဖြစ်သူ မျက်နှာငယ်လေးဖြင့် ငြိမ်ကုပ်ဖြီးနေလေတော့သည်။

"မင်းအစ်ကိုကြီးကို မင်းတို့မသနားတော့ဘူးလား။ သူမှာ ဒီလောက်ဒုက္ခရောက်နေရတာ လူပုံစံကိုလဲ သေသေချာချာကြည့်ကြအုံး။ အရင်တုန်းကလို မဟုတ်တော့ဘူး"

ဖခင်ဖြစ်သူက စကားကို သားလတ်နားလည်အောင် ပြောပြသည်။ ဖခင်ဖြစ်သူစကားကြောင့် စိုးရိမ်စိတ်ဖြင့် အမှတ်မထင် ပြောလိုက်မိသည့် သူ့စကားကိုသူ သားလတ်တစ်ယောက် နောင်တရနေသည်။ တကယ်တော့ သူသည်လိုပြောရန်မသင့်ပေ။ ချက်ချင်းပင်ဖခင်ဖြစ်သူနှင့် မိခင်ဖြစ်သူကို သားလတ် တောင်းပန်လိုက်သည်။

"သား မှားသွားပါတယ် အဖေ။ သားကိုခွင့်လွှတ်ပါ"

ပြောပြောဆိုဆိုပင် သားလတ် ပါးပြင်ထက်၌ မျက်ရည်များစီးကျနေပေသည်။

"အဖေတို့ကလဲ ကိုယ့်သားသမီးတွေကို ကြမ်းတမ်းတဲ့စကားတွေ မပြောချင်ပါဘူးသားလတ်ရာ။ မိဘဆိုတာ သားသမီးတိုင်းကို တန်းတူညီမျှတဲ့မေတ္တာတွေနဲ့ ချစ်ကြတာချင်းအတူတူပဲ။ သားသမီးတွေကို ဆင်စီးပြီး မြင်းရံတာကိုပဲမြင်ချင်သလို ဆင်းရဲတာကို ဘယ်မိဘကများ မြင်ချင်ကြမှာလဲ။ အဝေးရောက်နေတဲ့ သားသမီးတွေအတွက် စိတ်မအေးရသလို အနီးမှာရှိတဲ့ သားသမီးတွေအတွက်လဲ ပူပန်နေရတာပဲ"

သားလတ်ကိုကြည့်ပြီး ပြောပြနေသည့် ဦးမင်းမောင်၏ စကားများသည် စောစောကနှင့်မတူ အေးဆေးတည်ငြိမ်နေတော့သည်။

"ဟုတ်တယ် သားလတ်။ အမေတို့ ဒီအိမ်နဲ့ခြံလေးကို မဖြစ်သာလို့သာ ပေါင်နှံထားရပေမဲ့ စိတ်အေးနေလိမ့်မယ်မထင်နဲ့သား။ အခုဆို ရက်ပိုင်းအတွင်း ပြန်ရွေးနိုင်ရင်ရွေး မရွေးနိုင်ရင် အတိုးလေးတော့ သတ်ထားရမှာ။ ဒီအိမ်နဲ့ ခြံလေးကို အဆုံးတော့မခံပါဘူး သားလတ်ရယ်"

(၃)

"ဟေ့ ညီလေး တံခါးလာဖွင့်ပေးပါအုံးကွ"

"ဟော သားလတ်ရေ ဟိုမှာ မင်းအစ်ကိုကြီး လာတယ်ဟေ့"

"ဟ ငါ့သားကြီးပါလား ဟော တစ်မိသားစုလုံးပဲဟေ့။ လာကြဟေ့"

တစ်မိသားစုလုံး ဝမ်းသာပျော်ရွှင်စွာ ကြိုဆိုကြသည်။ မြေးလေးကို လက်တွဲပြီး ဝင်လာသည် သားဖြစ်သူ၏မျက်နှာကား ပြုံးရွှင်နေသည်။

"ဟော မြေးလေး နေကောင်းသွားပြီလား။ လာပါအုံး ဘဘကြီးဆီကို"

ဦးမင်းမောင်က မြေးဖြစ်သူကိုခေါ်၍ ပွေ့ချီထားလိုက်သည်။ သားဖြစ်သူနှင့် ချွေးမဖြစ်သူက ဦးမင်းမောင်နှင့် ဒေါ်သန်းတို့ရှေ့တွင် ကျုံ့ကျုံ့ကလေးထိုင်ရင်း အကျႌအိတ်ကပ်ထဲက အထုပ်တစ်ထုပ်ကိုထုတ်၍ -

"အဖေနဲ့ အမေ ဒါက သားယူသွားတဲ့ပိုက်ဆံပါ။ ဒါက အဖေနဲ့အမေကို သားတို့မိသားစုက ကန်တော့တာပါ"

ပြောပြောဆိုဆိုပင် ပိုက်ဆံတချို့ကို ပေးလေသည်။ ဒေါ်သန်းက သားဖြစ်သူပေးသည့် ပိုက်ဆံများကို ရေတွက်ရင်းမေးလိုက်သည်။

"သားကြီး ပိုက်ဆံတွေက များလှချေလား။ ဒါတွေ ဘယ်လိုလုပ်လာတာတုံး"

"ဒီလိုအမေရေ အဲဒီပိုက်ဆံတွေက သားအလုပ်ရှင်ဆီက ချေးလာတာ။ ချေးလာတယ်ဆိုပေမဲ့ ဘာအတိုးမှ မပေးရဘူး။ သားကိုသက်သက်ကူညီပေးတာ။ ပြီးတော့ အမေ့မြေးလေး ဆေးရုံတက်တုန်းကကော အစအဆုံး သူကပဲကူညီပေးခဲ့တယ်လေ။ အခုတော့ အမေ့မြေးလဲ ကျန်းမာရေးကောင်းသွားပြီ။ ဆေးရုံက မနေ့ကပဲ ဆင်းရတယ်။ အားလုံး အဆင်ပြေသွားပြီအမေရေ"

သားကြီးဖြစ်သူ စကားကြောင့် အားလုံး ဝမ်းသာကျေနပ်ကြရသည်။

"သားတို့အလုပ်ရှင်က တော်လိုက်တာ"

"လူတိုင်းတော့ မဟုတ်ဘူးပေါ့ အဖေရာ။ သားကျတော့ အလုပ်ကို ရိုးရိုးသားသားနဲ့ကြိုးစားပြီးလုပ်ပေးခဲ့တဲ့အတွက် အဲဒီအကျိုးကျေးဇူးပြန်ခံစားရတာပေါ့။ တစ်ဦးကစေတနာ တစ်ဦးကမေတ္တာပေါ့အဖေရာ။ ဒါနဲ့အဖေ ညီမလေးကော တက္ကသိုလ်မှာ အဆင်ပြေရဲ့လား"

"ပြေပါတယ် သားကြီးရာ မင်းညီမက ဟိုမှာ ပျော်နေပြီ"

"ပျော်တာ မပျော်တာ အသာထားအမေရေ ညီမလေးကို စာကြိုးစားဖို့လဲတိုက်တွန်းကြအုံး။ တက္ကသိုလ်မှာ ဘွဲ့ယူပြီး ပြန်လာရင် ညီမလေးသိပ်ဖြစ်ချင်နေတဲ့ ကျောင်းဆရာမကြီးဖြစ်ရအောင်။ ကဲ ဒီကညီလေးကော ကျောင်းပြီးနေတာကြာလှပြီ ငါ့ညီလေးအရွယ်က အလုပ်နဲ့အကိုင်နဲ့ ကိုယ်ပိုင်မိသားစုကလေးနဲ့တောင် ဖြစ်သင့်နေပြီမဟုတ်လား။"

"သားလတ် မင်းအစ်ကိုကြီးပြောတာ ကြားတယ်နော်"

ဦးမင်းမောင်က သားလတ်ကိုလှမ်းပြောလိုက်သည်။ သားလတ်က ခေါင်းညိတ်ပြီးထောက်ခံသည်။

"ဩော်. . . ဒါနဲ့ ညီလေးက အလုပ်ရပြီလား"

အစ်ကိုဖြစ်သူစကားကို ခေါင်းခါပြီးဖြေသည်။

"ဘယ်ကရမလဲ သားကြီးရာ မင်းညီက လူကတော်တော် စိတ်ကကြီးကြီးကို၊ သူများအလုပ်ဆိုတာကလဲ သည်းခံတတ်မှဖြစ်တာ မဟုတ်လား"

စာမျက်နှာ ၂၅ သို့ ➤

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၉၃၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံ ၂၉၃၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံ ဧက ၁၀၈၃၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၉၃၄ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းကာလ ယင်းမာပင်ခရိုင်မှာ ဂျုံဧက ၁၀၀၀၀ကျော် စိုက်ပျိုးဖို့လျာထားတာ။ ဒီနေ့ထိ ဧက ၂၉၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဂျုံစိုက်ပျိုးရာမှာ အထွက်နှုန်းတိုးဖို့၊ ပိုးမွှားရောဂါကျရောက်မှုကာကွယ်နိုင်ဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ဂျုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၅၀၄ဧက၊ ကနီမြို့နယ်တွင် ဧက ၇၈၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၀၈၉ ဧက၊ ပုလဲမြို့နယ်တွင် ၅၆၁ ဧက စုစုပေါင်း ၂၉၃၄ ဧက ဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၃၈၃၀၊ ကနီမြို့နယ်တွင် ဧက ၈၁၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၅၈၄၀၊ ပုလဲမြို့နယ်တွင် ဧက ၃၅၀ စုစုပေါင်း ဧက ၁၀၈၃၀ ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ဂျုံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးနိုင်ရန်၊ တောင်သူများလိုအပ်သည့် ယူရီးယားမြေဩဇာကို အကျိုးရှိရှိ သုံးစွဲတတ်ရန်၊ ဂျုံသီးနှံစိုက်ပျိုးရာတွင်လည်း ကုန်ကျစရိတ်နည်းနည်းဖြင့်စိုက်ပျိုးနိုင်ရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မိတ္ထီလာမြို့နယ် စည်ပင်သာကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံဂဟေဆက်သင်တန်းဆင်း

**မိတ္ထီလာ ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ စည်ပင်သာကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သံဂဟေဆက်သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းက သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက သင်တန်းသားများအနေဖြင့် သင်တန်းမှပို့ချခဲ့သည့် သံဂဟေဆက်နည်းများကို လက်တွေ့လုပ်ငန်းခွင်များတွင် ပြန်လည်အသုံးချကြစေလိုကြောင်း ပြောကြားပြီး သင်တန်းကာလပြီးမြောက်အောင်တက်ရောက်ခဲ့သော သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သံဂဟေဆက်သင်တန်းကို မိတ္ထီလာမြို့နယ် စည်ပင်သာကျေးရွာရှိ သင်တန်းသား၁၅ဦးတက်ရောက်ခဲ့ပြီး ကျွမ်းကျင်နည်းပြဆရာနှစ်ဦးက သံဂဟေဆက်နည်းများကို ဒီဇင်ဘာ ၁၃ ရက်မှ ၂၈ ရက်ထိ ၁၆ ရက်ကြာ စာတွေ့၊လက်တွေ့ဖွင့်လှစ် သင်ကြားပို့ချ ပေးခဲ့ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။

**ကျော်ဦး**

## ရွှေလက်ခိုင်စေ

\- လူအချင်းချင်း ဆက်ဆံရာ
လေးစားပါ ခင်မင်မှု၊
ချစ်မေတ္တာ မပျက်စေကြောင်း
ကောင်းခြင်းကိုပြု။

\- မိတ်ဆွေရင်း ချစ်ခင်နေ
နာကျင်စရာတွေ သတိထား၊
ဝမ်းနည်းစွာ လမ်းခွဲရလျှင်
သောကတွေပွား။

\- တစ်ဖက်သား ကိုယ့်အပေါ်
အလွန်တော် သဘောကောင်း၊
ကိုယ်ကပင် အသာရဖို့
လုံးဝဖယ်ရှောင်း။

\- သူကောင်းက ကိုယ်ကောင်းရန်
အနာခံ လှည့်ဖို့မှတ်၊
သာမှသာ ပေါင်းချင်က
နိမ့်ကျစိတ်ဓာတ်။

\- တစ်ဦးနှင့်တစ်ဦးမတူညီရာ
အသိတူစွာ ညှိနှိုင်းရ၊
ကောင်းဆိုးကို နှစ်ဖက်မျှထမ်းတော့
တန်းတူညီမျှ။

\- ညှိနှိုင်းခြင်းကို အလိုမကျ
ကိုယ့်အတ္တ ရှေ့တန်းတင်၊
ရေရှည်တွင် မတည်မြဲ
ကွဲကြမည်ပင်၊
အပြစ်လည်း မတင်စေချင်
အချစ်ဝင်ကာ ရွှေလက်တွဲ၊
သာယာစွာ ညီညာပေါင်းစေဖို့
ပျော့ပျောင်းစိတ်စွဲ။ ။

**စန်းထက်(ဖန်ခါးမြေ)**

➤ **စာမျက်နှာ ၂၄ မှအဆက်**

ဖခင်ဖြစ်သူ၏စကားကိုသားကြီးဖြစ်သူက ထောက်ခံရင်းပြန်ပြောသည်။

"ဟုတ်တယ် ညီလေးရေ အလုပ်မှမဟုတ်ဘူး လူမှုပတ်ဝန်းကျင်မှာလဲ အတူတူပဲ အစစအရာရာစဉ်းစားချင့်ချိန်ရတယ်။ သည်းခံနားလည်နိုင်ရတယ်။ ဥပုံ လုံ့လ၊ ဝီရိယတို့လဲ ရှိထားရတယ်ညီလေးရဲ့။ ညီလေးအလုပ်လုပ်ချင်တယ်ဆိုရင် အစ်ကိုကြီးဆီလာခဲ့လေ။ အစ်ကိုကြီးနဲ့အတူ လုပ်လို့ရတာပေါ့"

အစ်ကိုဖြစ်သူစကားကို နားထောင်ရင်း သားလတ် စိတ်ထဲက "အစ်ကိုကြီးရေ အဖေနဲ့အမေက ကျွန်တော်ဖြစ်ချင်တဲ့ရည်မှန်းချက်တွေကို ဖြစ်ခွင့်မှမပေးကြတာ"ဟု ပြောနေမိသည်။

"လုပ်ချင်မှလဲလုပ်ပါ သားလတ်ရာ။ မလုပ်ချင်ရင်လဲ အမေတို့က အတင်းမခိုင်းပါဘူး"

အမေက သူ့မျက်နှာကိုကြည့်ရင်း နှစ်သိမ့်စကားဆိုသည်။

"ဟို အဲဒီလိုလဲမဟုတ်ပါဘူး အမေရာ။ သားစဉ်းစားပါ့မယ်။ ဒါပေမဲ့ သားဖြစ်ချင်တဲ့အလုပ်ကျတော့ အဖေနဲ့အမေက"

"တော်စမ်းပါ သားလတ်ရာ မင်းကလဲ တစ်စိတ်ရှိ ဒီစကားပဲ အဖေတို့၊ အမေတို့ စိတ်မချပါဘူးဆိုနေမှ"

သားလတ် ဘာစကားမှ ဆက်မပြောတော့ပေ။ အားလုံးပြောသမျှကို ခေါင်းငုံ့ပြီး နားထောင်နေတော့သည်။

**(၄)**

အချိန်ကား တရွေ့ရွေ့ဖြင့် ကုန်လွန်ခဲ့သည်။ အဖေနှင့်အမေတို့သည်လည်း တစ်ယောက်ပြီးတစ်ယောက် ကွယ်လွန်သွားခဲ့လေပြီ။ ယခုဆို အစ်ကိုကြီးသည် ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို ပိုင်နိုင်စွာ လုပ်ကိုင်နိုင်နေလေပြီ။ အငယ်ဆုံးညီမလေးလည်း ကျောင်းပြီး၍ သည်မြို့၌ပင် ကျောင်းဆရာမအလုပ်ကို ဝင်လုပ်နေပြီဖြစ်သည်။ သားလတ်တစ်ယောက်သည်သာ ဟိုမရောက်သည်မရောက်ဖြစ်နေသည်။ မိသားစုအိုးအိမ် မထူထောင်နိုင်ခဲ့သလို အလုပ်အကိုင်ဟူ၍လည်း အတည်တကျမရှိခဲ့ပါချေ။ သားလတ်၌ ဖြစ်ချင်သည့်ဆန္ဒတစ်ခုရှိနေခဲ့သည်။ ထိုဆန္ဒကို မိဘနှစ်ပါး ရှိစဉ်အခါက လုပ်ပိုင်ခွင့်မရရှိခဲ့။ ယခုတော့ အကောင်အထည်ဖော်ရန် ခရီးဦးတာစူမိသည်။

"ညီလေး မင်းတကယ်ပြောနေတာလား"

"ဟုတ်တယ် အစ်ကိုကြီး"

"ငါ့ညီ အရွယ်က အတွေ့အထူးဆုံးမနေရမဲ့အရွယ်တွေလဲ မဟုတ်တော့ဘူးမဟုတ်လား။ အဖေနဲ့အမေ ရှိစဉ်အခါတုန်းကတော့ ကိုယ့်သားသမီးတွေကို ကိုယ့်မျက်စိအောက်ကနေ အပျောက်မခံနိုင်အောင်ချစ်ကြတဲ့အချစ်တွေကြောင့် ငါ့ညီက ကိုယ်ဖြစ်ချင်တဲ့ဘဝကိုမဖြစ်ခဲ့ရဘူးလေ။ အခုတော့ ငါ့ညီက ကြိုးစားကြည့်ချင်တယ်ဆိုတော့ အစ်ကိုကြီးက ဘာများခွင့်မပြုနိုင်စရာရှိရမလဲ။ ကိုယ့်နိုင်ငံကိုယ့်လူမျိုးအတွက် အကျိုးရှိတဲ့အလုပ်ဆိုပေမဲ့ လူတိုင်းမလုပ်နိုင်ကြဘူးမဟုတ်လား။ အဲဒီလိုပဲလေ အစ်ကိုကြီးဆိုလဲ မလုပ်နိုင်ခဲ့ဘူး။ အစ်ကိုကြီး ညီလေးကို ခွင့်ပြုတယ်။ ဂုဏ်လဲယူနေမှာပါ။ ကဲ ငါ့ညီလေးဖြစ်ချင်တဲ့ဆန္ဒတွေ ပြည့်ဝပါစေကွာ"

အစ်ကိုကြီးဖြစ်သူကို သူကန်တော့လိုက်သည်။ သူ သိပ်ဖြစ်ချင်ခဲ့သည့်တပ်မတော်သားတစ်ယောက်ဖြစ်ရန် ဦးတည်၍ သူ့ဘဝအတွက် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်နေပါတော့သည်။

# မင်းလှမြို့နယ် ရွှေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေးကုန်းကျေးရွာ၌ ပဥ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၇ ရက်မွန်းလွဲ၁နာရီက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံ အဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့် ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံရန်ပုံငွေကျပ် ၃၄သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရွှေးကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ သုံး ဦး စုစုပေါင်း အသင်းသားအသင်းသူ ၇၁ ဦးကို ငွေကျပ် ၃၄ သန်း ထုတ် ချေးပေးခဲ့ကြောင်း သိရသည်။ **သန်းသန်းရီး**

# နာမည်နှင့် ကံ

## တက္ကသိုလ်မောင်နှင်းဝေ

စာရေးသူတို့လူသားအားလုံးသည် မွေးဖွားလာကတည်းကပင် အမေကပေးလိုက်သောနာမည်တစ်ခုစီရှိကြသည်။ အချို့သည်မောင်ဖြူဖြစ်၏။ အချို့သည် မောင်မဲဖြစ်၏။ မောင်ဖြူသည် မောင်မဲဖြစ်ချင်၏။ မောင်မဲသည် မောင်ဖြူဖြစ်ချင်၏။ မိမိ၏ရှိရင်းစွဲ အမည်နာမကိုမကြိုက်၍ အချို့ကငွေကြေးအကုန်ခံပြီး ပွဲများကနားများနှင့်ပြောင်းလဲကြသည်။ စာရေးသူတို့လူသားများသည် တစ်နေ့တစ်နေ့အလုပ်မရှိအလုပ်ရှာပြီး အမည်နာမများသာ ပြောင်းလဲနေကြသည်။ ကံဆိုသည့် အမှုအလုပ်ကိုတော့ ပြောင်းလဲရန် မေ့နေကြသည်။ အမည်နာမများ တစ်မျိုးပြီးတစ်မျိုးပြောင်းနေမည့်အစား ကံဆိုတဲ့ အမှုအလုပ်ကိုပြောင်းလဲရန်လိုပါသည်။ အမှန်တော့ အမည်နာမက အရေးမကြီးပါ။ ကံကသာ အရေးကြီးသည်။ နာမည်သာအရေးကြီးလျှင် တိရစ္ဆာန်များအားလုံး တိရစ္ဆာန်ဘဝကကို ကျွတ်လွတ်မည်မဟုတ်ပေ။ သတိမူကြပါကုန်။ ထို့ကြောင့် အဆိုပါအကြောင်းအရာနှင့်ပတ်သက်ပြီး မြတ်စွာဘုရားရှင် ဟောတော်မူခဲ့သည့် ဇာတ်တော်လေးတစ်ခုကိုထုတ်နှုတ်၍ တင်ပြလိုပါသည်။

မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အမည်ဖြင့် လိုရာပြီးစီးလိုသော ရဟန်းတစ်ပါးကိုအကြောင်းပြု၍ ဤဇာတ်ကို ဟောတော်မူခဲ့သည်။ ပါပက(ယုတ်မာ)အမည်ရှိသော အမျိုးသားတစ်ဦးသည် ဗုဒ္ဓမြတ်စွာသာသနာတော်၌ သက်စွန့်ကြိုးပမ်းရဟန်းပြုခဲ့၏။ များစွာသောရဟန်းတို့က “ပါပက လာစမ်း၊ ပါပက ရပ်စမ်း” စသည်ဖြင့် ခေါ်ဝေါ်ပြောဆိုကြသောအခါ ထိုရဟန်းက “လောကမှာ ပါပကဆိုတဲ့အမည်ဟာ ယုတ်လဲယုတ်ညံ့တယ်၊ မင်္ဂလာလဲမရှိဘူး။ အခြားမင်္ဂလာရှိတဲ့အမည်ကိုပြောင်းမှပဲ”ဟု ကြံစည်ပြီး ဆရာဥပဇ္ဈာယ်ထံသို့ သွားရောက်လျှောက်ထားလေသည်။ “အရှင်ဘုရားတပည့်တော်ရဲ့အမည်ဟာ မင်္ဂလာမရှိပါ။ အခြားမင်္ဂလာရှိတဲ့အမည်ကိုပြောင်းပေးပါ ဘုရား” “ငါ့တပည့်အမည်ဆိုတာ အခေါ်အဝေါ်ပညတ်မျှသာဖြစ်ပါတယ်။ အမည်နဲ့ လိုအပ်တဲ့အကျိုးစီးပွားပြီးပြည့်စုံမှုမရှိပါဘူး။ ရှိပြီးသားအမည်လေးနဲ့သာ ရောင့်ရဲတင်းတိမ်လို့နေပါ” ထိုရဟန်းသည်အမည်ပြောင်းပေးရန် ထပ်တလဲလဲတောင်းပန်သည့်အတွက် ရဟန်းသံဃာမြောက်မြားစွာထဲတွင် “နာမသိဒ္ဓိက” (အမည်ဖြင့် လိုရာပြည့်စုံသူ) ဟူ၍ ထင်ရှားကျော်ကြားလူသိများလာသည်။ တစ်နေ့သ၌ တရားဆွေးနွေးရာဓမ္မာရုံတစ်ခုတွင် ရဟန်းတော်များစုဝေးမိကြပြီး တရားဆွေးနွေးနေကြစဉ်ရဟန်းတစ်ပါးက “ငါ့ရှင်တို့အမည်နဲ့ လိုရာပြည့်စုံတဲ့ရဟန်းတစ်ပါးဟာ သူ့အမည်ကို မင်္ဂလာရှိတဲ့အမည်ပြောင်းမှည့်ပေးဖို့ ပြောသတဲ့”ဟု ပြောနေစဉ် ဓမ္မာရုံသို့မြတ်စွာဘုရားရှင် ကြွရောက်တော်မူလာသည်။ ထိုအခါ မြတ်စွာဘုရားရှင်က “ရဟန်းတို့ ယခု သင်တို့ ဘာစကားတွေဆွေးနွေးနေကြတာလဲ”ဟု မေးတော်မူသောအခါ “နာမသိဒ္ဓိကရဟန်းအကြောင်း ပြောနေကြတာပါဘုရား”ဟု လျှောက်ထားကြလေရာ “ရဟန်းတို့ ဤရဟန်းဟာ အခုမှ ‘နာမသိဒ္ဓိက’လို့ အမည်တွင်သာ မဟုတ်ဘူး၊ ရှေးတုန်းကလဲ ‘နာမသိဒ္ဓိက’လို့ အမည်တွင်ခဲ့ဖူးတယ်”ဟု မိန့်တော်မူပြီး အတိတ်ကိုဆောင်၍ ဟောတော်မူသည်။

ဘုရားအလောင်းတော်သည် ရှေးအခါက တက္ကသိုလ်တစ်ခုတွင် ပါမောက္ခကြီးတစ်ဦးဖြစ်ခဲ့ပြီး အနယ်နယ်အရပ်ရပ်မှပညာသင်ကြားရန်ရောက်လာကြသော တပည့်ကျောင်းသားပေါင်းငါးရာကို ဗေဒင်ပညာသင်ကြားပို့ချပေးနေသည်။ ဆရာကြီး၏တပည့်ငါးရာထဲတွင် ပါပက(ယုတ်မာ)ဆိုသူ လုလင်တစ်ဦးပါသည်။ သူသည်“ပါပက လာ၊ ပါပက သွား”စသည်ဖြင့် ခေါ်ဝေါ်ပြောဆိုဆက်ဆံသည့်အခါ “ငါ့နာမည်ဟာ မင်္ဂလာမရှိဘူး။ အခြားမင်္ဂလာရှိတဲ့နာမည် တစ်ခုကိုပြောင်းမှဖြစ်မယ်”ဟု ကြံစည်ပြီး ဆရာကြီးထံ

**❖ လူသားများသည် အခြားသောသတ္တဝါများထက် အသိဉာဏ်ရှိသည့် အလျောက် ကလီကမာလုပ်တတ်ကြသည်။ ရရှိထားသောအသိဉာဏ်ကို အကျိုးရှိရှိအသုံးချတတ်ရန်လိုပါသည်။ အရေးမကြီးသည်ကို အရေးလုပ်ပြီး ပြုနေစရာမလိုပါ။ အရေးကြီးသည်ကိုအရေးလုပ်ပြီးပြုနေရန်သာ လိုပါသည်။ လူသားအားလုံးအတွက် အရေးကြီးသည်မှာ ကံဟုခေါ်သော အလုပ်ပင်ဖြစ်သည်။ ထို့ကြောင့် သက်ရှိထင်ရှားရှိနေသရွေ့ မကောင်းမှု အကုသိုလ်အလုပ်များ မလုပ်မိအောင် အတတ်နိုင်ဆုံး မိမိစိတ်ကို ထိန်းသိမ်းရမည်။ ❖**

သွား၍ ပြောပြလေသည်။ “ဆရာကြီးကျွန်တော့်နာမည်ဟာ မင်္ဂလာမရှိပါ၊ မင်္ဂလာရှိတဲ့နာမည်ကိုပြောင်းပေးပါ ဆရာကြီး” ထိုအခါဆရာကြီးက “ငါ့တပည့် ဒါဆိုရင် တောရွာဇနပုဒ်တွေကို နှံ့အောင်လျှောက်သွားချေ။ မင်းအကြိုက်ဆုံး အနှစ်သက်ဆုံးနာမည်တစ်ခုကိုယူပြီးပြန်လာခဲ့။ အဲဒီအခါ မင်းရဲ့နာမည်နဲ့လဲပြီး မှည့်ပေးမယ်”ဟု ပြောဆိုလိုက်သောအခါ အားရဝမ်းသာစွာဖြင့် “ကောင်းပါပြီဆရာကြီး”ဟု အရိုအသေပြုပြီး စားသောက်ဖွယ်ရာများယူဆောင်ကာ တစ်ရွာဝင်တစ်ရွာထွက်ရင်း နာမည်ရှာလျက်ရှိလေတော့၏။

ထိုပါပကလုလင်သည် မြို့တစ်မြို့သို့ရောက်သောအခါ ဇီဝက(ဦးသက်ရှည်)ဆိုသူတစ်ယောက်သေဆုံးသွားသည်နှင့်သွားကြုံလေသည်။ အလောင်းကို သင်္ဂြိုဟ်ရန်ဆွေမျိုးများနှင့် ရွာသူ၊ ရွာသားများက သုသာန်သို့ သယ်ဆောင်လာသည်ကို ပါပကလုလင်မြင်သောအခါ “ယခုသေတဲ့လူဟာ နာမည်ဘယ်လိုခေါ်ပါသလဲ”ဟုမေးရာ “ဇီဝက (ဦးသက်ရှည်)လို့ခေါ်ပါတယ်”ဟု ဆွေမျိုးများက ဖြေသည်။ “ဩော် ဇီဝက (ဦးသက်ရှည်)လဲ သေပါသလား” “ဦးသက်ရှည်လဲ သေတာပဲ” “ဦးသက်ရှည်မဟုတ်တာလဲ သေတာပဲ။ ဦးသက်ရှည်ဆိုတာ အမည်ပညတ်တစ်ခုမျှပဲ။ မင်း တော်တော်မိုက်ပါကလား”ဟု ဦးသက်ရှည် ဆွေမျိုးများက မြည်တွန်တောက်တီးလေသည်။

ထို့နောက် ပါပကလုလင်သည် အမည်နာမများကို ဂရုမစိုက်တော့ဘဲ မြို့တွင်းသို့ဝင်ခဲ့လေသည်။ ထိုအခါအကြွေးမပေးနိုင်သော အိမ်စေကျွန်မကို အိမ်ရှင်တို့က တံခါးခုံကြိုးဖြင့်တုပ်နှောင်၍ ရိုက်နှက်နေကြသည်။ သူ၏အမည်မှာ “ဓနပါလီ”(မငွေကြွယ်) ဖြစ်သည်။ ပါပကလုလင်သည် အိမ်စေမလေး ဓနပါလီအား ရိုက်နှက်နေကြသည်ကိုမြင်သဖြင့် “ဘာလို့သူ့ကို ရိုက်နှက်နေကြတာလဲ” “အကြွေးမပေးနိုင်လို့ပါ”ဟု အနီးအနားရှိလူများက ဖြေသည်။ “သူ့နာမည်ဘယ်လိုခေါ်ပါသလဲ”ဟုမေးရာ “ဓနပါလီ(မငွေကြွယ်)လို့ခေါ်ပါတယ်”ဟု လူအများက ဖြေသည်။ “မငွေကြွယ်ဖြစ်ပါလျက် အကြွေးကလေးတောင်မပေးနိုင်ဘူးလား” “မငွေကြွယ်ဖြစ်စေ၊ မငွေကြွယ်မဟုတ်တာဖြစ်စေ ဆင်းရဲကြတာပဲ။ မငွေကြွယ်ဆိုတာက နာမည်ပဲ။ မင်းတော်တော် ဗဟုသုတနည်းပြီး မိုက်မဲပါကလား”ဟု ပြောဆိုကြကုန်၏။

တစ်ဖန် ပါပကလုလင်သည် အမည်နာမများအတွက် ဦးနှောက်အခြောက်မခံတော့ဘဲ မေ့မေ့ပျောက်ပျောက်ထားပြီး မြို့မှထွက်လျက် ခရီးဆက်လေတော့၏။ ခရီးတစ်ဝက်သို့ရောက်လျှင်လမ်းမှားပြီး မျက်စိလည်လာသူတစ်ယောက်နှင့်တွေ့စဉ် “မိတ်ဆွေဘယ်ကလာလို့ဘယ်ကိုသွားမလို့ပါလဲ” “ကျွန်တော် မျက်စိလည်ပြီး လမ်းမှားလာပါတယ် မိတ်ဆွေ” “ဒါဖြင့် ခင်ဗျားနာမည်က ဘယ်လိုခေါ်ပါသလဲ” “ကျွန်တော့်နာမည်ပန္ထက(မောင်လမ်း)လို့ခေါ်ပါတယ်” “မောင်လမ်းဖြစ်တာတောင် မျက်စိလည် လမ်းမှားသေးသလား” “မောင်လမ်းဖြစ်စေ၊ မောင်လမ်းမဟုတ်တာဖြစ်စေ မျက်စိလည်လမ်းမှားတတ်တာပဲ။ ပန္ထက (မောင်လမ်း)ဆိုတာက နာမည်သက်သက်ပဲ။ ခင်ဗျားတော်တော်ဗဟုသုတနည်းပြီး တယ်အပါလား”ဟု ပြောဆိုလေသည်။

ပါပကလုလင်သည် အမည်များကို အလေးမမူ လျစ်လျူရှုလျက်ဆရာကြီးထံမှောက်သို့ ပြန်ရောက်လာလေတော့၏။ “ဘယ့်နှယ်လဲငါ့တပည့် မင်းကြိုက်နှစ်သက်တဲ့နာမည်ကို ရခဲ့ပါသလား” ဆရာကြီးဦးသက်ရှည်ဆိုသူကော၊ ဦးသက်ရှည်မဟုတ်သူကော သေကြတာပါပဲ။ မငွေကြွယ်ဆိုသူကော၊ မငွေကြွယ်မဟုတ်သူကောဆင်းရဲတာပါပဲ။ မောင်လမ်းဆိုသူကော၊ မောင်လမ်းမဟုတ်သူကောမျက်စိလည်လမ်းမှားတတ်တာပါပဲ။ နာမည်ဆိုတာဝေါဟာရပညတ်သက်သက်ဖြစ်ပါတယ်။ နာမည်ကြောင့် ဘာအကျိုးတရားမှ မပြီးစီးပါဘူး။ ကံကြောင့်သာလျှင် လိုအပ်သော အကျိုးတရား ပြီးပြည့်စုံနိုင်ပါတယ်။ အခြားနာမည်တွေကို ကျွန်တော်မလိုချင်တော့ပါဘူး။ ကျွန်တော့်နာမည်ရင်းအတိုင်းသာ ရှိပါစေတော့ ဆရာကြီး” “သက်ရှည်ဆိုသူလဲ သေရတယ်။ မငွေကြွယ်ဆိုသူလဲ ဆင်းရဲရတယ်။ မောင်လမ်းဆိုသူလဲ တောထဲမှာ လမ်းမှားတတ်ပါတယ်ဟု ပါပက(ယုတ်မာ) အမြင်မှန်ရရှိပြီး ပြန်လာခဲ့လေတယ်”ဟု ဆုံးမစကား ဟောကြားတော်မူပါခဲ့သည်။

အချုပ်အားဖြင့်ဆိုရသော် လူသားများသည် အခြားသောသတ္တဝါများထက် အသိဉာဏ်ရှိသည့်အလျောက် ကလီကမာလုပ်တတ်ကြသည်။ ရရှိထားသောအသိဉာဏ်ကို အကျိုးရှိရှိအသုံးချတတ်ရန် လိုပါသည်။ အရေးမကြီးသည်ကို အရေးလုပ်ပြီး ပြုနေစရာမလိုပါ။ အရေးကြီးသည်ကိုအရေးလုပ်ပြီးပြုနေရန်သာလိုပါသည်။ လူသားအားလုံးအတွက် အရေးကြီးသည်မှာ ကံဟုခေါ်သော အလုပ်ပင်ဖြစ်သည်။ ထို့ကြောင့် သက်ရှိထင်ရှားရှိနေသရွေ့ မကောင်းမှု အကုသိုလ်အလုပ်များ မလုပ်မိအောင် အတတ်နိုင်ဆုံး မိမိစိတ်ကိုထိန်းသိမ်းရမည်။ အကျိုးမရှိသည့် အလုပ်များရှောင်ရမည်။ ကောင်းမှုကုသိုလ်များများလုပ်ရမည်။ အကျိုးရှိသော အလုပ်များကို များများလုပ်ရမည်။ ဘဝတစ်ခု အထက်တန်းကျကျ အဆင့်တန်းမြင့်မြင့် နေထိုင်နိုင်ရန်ဆိုသည်မှာ နာမည်ပြောင်းနေရုံနှင့်မရနိုင်ပါ။ ကောင်းသည့်ကံများကိုပြုလုပ်ပေးမှသာလျှင် မိမိတို့ဘဝများသည် အထက်တန်းကျကျနှင့် အဆင့်တန်းမြင့်မြင့်နေထိုင်နိုင်သောဘဝများဖြစ်လာကြပါမည်။ ထို့ကြောင့် အကျိုးမရှိသော အလုပ်များကိုမလုပ်ဘဲ အကျိုးရှိသော အလုပ်များကိုသာ နေ့စဉ်နှင့်အမျှ လုပ်ဆောင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**– ဇာတကပါဠိတော် လိတ္တဝဂ်နာမသိဒ္ဓိဇာတ်**
**မြန်မာပြန်**

# ဘားအံမြို့နယ် ရွှေနတ်ကျွန်းကျေးရွာ၌ ကုန်ထုတ်လမ်းသိပ်သည်းမှု တိုင်းတာစစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၂၈**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွှေနတ်ကျွန်းကျေးရွာ၌ ကုန်ထုတ်လမ်းသိပ်သည်းမှု (Plate Bearing) တိုင်းတာခြင်းကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်နန်းအဲဖောင်အွာနှင့် မြို့နယ်အင်ဂျင်နီယာဝန်ထမ်းများသည် ရွှေနတ်ကျွန်းကျေးရွာတွင် ကုန်ထုတ်လမ်း သတ်မှတ်အရည်အသွေးပြည့်မီမှုရှိ၊ မရှိသိရှိနိုင်ရန်အတွက် လမ်းသိပ်သည်းမှု (Plate Bearing) တိုင်းတာခြင်းကို စနစ်တကျဆောင်ရွက်ပြီး ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းအဲဖောင်အွာက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ဘားအံမြို့နယ် ရွှေနတ်ကျွန်းကျေးရွာ၌ လမ်းအရှည်သုံးမိုင်ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်တစ်ပေကိုးလက်မနှင့် အရှည်တစ်မိုင်တစ်ဖာလုံ၊ အကျယ် ၁၄ ပေ၊ အမြင့်သုံးပေကိုးလက်မ စုစုပေါင်းလမ်းအရှည်လေးမိုင် ခြောက်ဖာလုံရှိ ကုန်ထုတ်လမ်းဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၃၀၀ ဒသမ ၉၂ သန်းဖြင့် ယခုနှစ် မေလ တတိယပတ်



ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဦးစီးအရာရှိ ဒေါ်နန်းအဲဖောင်အွာထံမှ သိရသည်။

**ဆက်လူ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှုပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၁၇၈၀၅ ဧက ရိတ်သိမ်းပြီးစီး



**ပုသိမ် ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါး ၁၇၈၀၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၅၀၇၈၄၃ ဧကကို၎င်း်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် မိုးစပါးများကို ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၇၈၀၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပုသိမ်ခရိုင်မှာ ဒီနှစ် မိုးစပါး ၅၀၇၈၄၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ စိုက်ပျိုးထားတဲ့ မိုးစပါးတွေကို ပြန်လည်ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ မိုးစပါး ၁၇၈၀၅ ဧက ရိတ်သိမ်းပြီးနေပြီဖြစ်ပါတယ်။ ကျန်တဲ့မိုးစပါးတွေကို ရာနှုန်းပြည့်ရိတ်သိမ်းနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ စိုက်ပျိုးဖို့အတွက် စပါးစတင်မစိုက်ခင်အချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် တောင်သူတွေ စိုက်ပျိုးတဲ့ မိုးစပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ဓာတ်မြေဩဇာတွေကိုလဲ ပံ့ပိုးပေးခဲ့ပါတယ်။ ဓာတ်မြေဩဇာတွေကိုလဲ စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်း လုပ်ဆောင်ပေးခဲ့တယ်"ဟု ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ်မိုးစပါးများ အားလုံးလျာထားချက် ပြည့်မီအောင် စိုက်ပျိုးရိတ်သိမ်းနိုင်ရန် ဒေသခံတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့် ဌာနအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ ရိတ်သိမ်းပြီးဖြစ်သည့် မိုးစပါးများ တစ်ဧကလျှင် ၉၀ ဒသမ ၆၇ တင်းထိထွက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကဝမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဆင်း

**ကဝ ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်က သင်တန်းသားများကို သင်တန်းတွင် သင်ကြားပေးလိုက်သော အတတ်ပညာများဖြင့် လက်တွေ့အသုံးချဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်သော သင်တန်းသားများကို ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ကဝမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းကို ဒီဇင်ဘာ ၉ ရက်မှ ယနေ့ထိ သင်တန်းနည်းပြဆရာက စာတွေ့လက်တွေ့အခမဲ့ သင်ကြားပို့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သုတ**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# အမြတ်တနိုးပန်ဆင် ပန်းသဇင်

အောင်ကြည်မိုး(စစ်တွေ)



သဇင်ပန်းသည် မြန်မာအမျိုးသမီးတို့ အမြတ်တနိုးပန်ဆင်သော တော်ဝင်ပန်းဖြစ်သည်။ ပန်းတကာထဲတွင် အမြတ်ဆုံးဖြစ်သော သဇင်ပန်းသည် နတ်တော်လတွင် စတင်၍ပွင့်သည်။ နတ်တော်လ၏ ရာသီပန်းသည် သဇင်နှင့်ဂမုန်းဖြစ်သည်။ ကင်းဝန်မင်းကြီးက သဇင်ပန်းပွင့်စ နတ်တော်လကို ရည်ရွယ်၍ "နတ်တော်ခါမို့၊ ခနေ့ချို၊ မိဂသီရောင်တဆန်း၊ သဇင်ဖူးယဉ်၊ ဂမုန်းအင်၊ သဘင်ဆင်တော်ပန်း"ဟု ရေးဖွဲ့ထားခဲ့သကဲ့သို့ ရခိုင်စာဆို တန်းခိုးဆရာထွန်းကလည်း "မြောက်လေပြန်နှင့်၊ ဟေမန္တဟု၊ လနတ်တော်မှာ၊ ဂေါ်သဇင်ခိုင်၊ ပန်းမွှေးကြိုင်ကို"ဟူ၍ ရခိုင်သာချင်းများ၌ စပ်ဆိုထားခဲ့ကြသည်။

"သဇင်ပေါ်စ နတ်တော်လ၊ သဇင်လည်းပွဲတပို့တွဲ" ရခိုင်ဆိုရိုးအတိုင်း သဇင်ပန်းသည် နတ်တော်လတွင် ပွင့်ပြီး တပို့တွဲလတွင် သဇင်ပန်းကို မတွေ့ရှိရတော့ပေ။ သဇင်ပန်းသည် ဆောင်းရာသီဖြစ်သော နတ်တော်၊ ပြာသိုလတို့၌ လှိုင်လှိုင်ပွင့်သကဲ့သို့ တစ်နှစ်တစ်ခါသာပွင့်သည်။ မှန်မြတ်သန့်စင်သော နေရာများ၌သာ ပေါက်ရောက်လေ့ရှိ၍ သန့်စင်ပန်းဟုလည်း တင်စားခေါ်ဝေါ်ကြသည်။ သဇင်ဖြူ၊ သဇင်ဝါ၊ သဇင်နီ၊ သဇင်နက်ဟူ၍ အရောင်လေးမျိုးရှိသည်။ သဇင်ပန်းသည်ကား ရှေးစာဆိုတို့က တခမ်းတနား စာဖွဲ့ရသော ပန်းဖြစ်ပြီး နန်းထိုက်တော်ဝင်ပန်းသဇင်ဟု တင်စားလောက်အောင် မြင့်မြတ်လှသည်။ သဇင်ပန်းကို ပန်ဆင်ရာတွင်မူ မျိုးဥကလေးမှ ပွင့်လာသည့်သဇင်ပန်းခိုင်ကို ခူးယူပန်ဆင်ကြရသည်။

သဇင်ပန်းကို ရခိုင်လူမျိုးတို့က အထွတ်အမြတ်ထားသည့်ပန်းဖြစ်သကဲ့သို့ စံပြုထားခြင်းခံရသော ပန်းလည်းဖြစ်သည်။ ရခိုင်အမျိုးသမီးတို့၏အမည်နာမကိုမှည့်ခေါ်ရာ၌ သဇင်ဆိုသည့် နာမည်ကိုလည်းကောင်း၊ ရခိုင်ရိုးရာဝတ်စားဆင်ယင်မှုတို့၌ သဇင်ပန်းကို ကျစ်ဆံမြီးတွင် ပန်ဆောင်၍လည်းကောင်း ရခိုင်အမျိုးသမီးတို့က အလှဖော်ကျူးကြသည်။ သဇင်ပန်းကို ရခိုင်ပြည်နယ်၏ သင်္ကေတအဖြစ် အလံ၊ အမှတ်တံဆိပ်နှင့် ရိုးရာဝတ်စုံတို့တွင် အသုံးပြုထားသည်။ ရခိုင်လူမျိုးတို့ သဇင်ပန်းကိုအမှီပြု၍ အမြင့်မြတ်ဆုံးစကားလုံးတို့ကိုသုံးစွဲရာတွင် သဇင်ပန်းကို ဥပမာပြုကာ တင်စားသုံးစွဲသည်။ သဇင်ပန်း၌ အနားရစ်ရှိပြီး သန့်ရှင်းဖြူစင်သည်။ ပွင့်ဖတ်အလယ်တွင် ဝါဝင်း၍ ရွှေရောင်ရှိသော ဝတ်ဆံနှစ်ခုရှိသည်။ ဖြူစင်သော သီလအရောင်၊ ဝါဝင်းသော ဝတ်ဆံအရောင်တို့မှာ ဗုဒ္ဓ၏ သင်္ကန်းအရောင်ကိုဆောင်ပြီး ပန်းရနံ့ကလည်း မွှေးကြိုင်သည်။ ရခိုင်ဒေသ ရိုးမတောင်တန်းရှိ မြင့်မားသောသစ်ပင်ကြီးများအပေါ်၌ ပေါက်ရောက်၍ ရခိုင်လူမျိုးတို့က သန့်စင်ပန်းဟူ၍လည်းခေါ်ကြသည်။

ဆောင်းဦးရာသီ၊ နှင်းများတဖြောက်ဖြောက်ကျရောက်သည့် ယခုလို နတ်တော်လတွင် ပျိုတိုင်းကြိုက်သည့် သဇင်ပန်းများ ရနံ့သင်းသင်းဖြင့် ပွင့်နေသည်။ ဖွေးဖွေးလှုပ်နေသည့် ပန်း၏ရိုးတံက ကွေးညွတ်နေသည်။ ပန်း၏ပွင့်ဖတ်အရောင်က အဖြူရောင်ဖြစ်သည်။ သဇင်ဥများမှ ပွင့်လန်းလာသော သဇင်ပန်းခက်များကရိုးတံရှည်ပြီး ပန်းသားပြည့်ကာ ပန်းရနံ့ကလည်း မွှေးပျံ့သင်းလှိုင်သော တော်ဝင်သဇင်ပန်းကို အမျိုးသမီးအားလုံးက ကြိုက်နှစ်သက်ကာ အမြတ်တနိုး ပန်ဆင်လိုကြသည်။

သဇင်ဥအပေါ်မှ ထွက်ရှိလာသည့် အရွက်စိမ်းများကြွေပြီးနောက် မျိုးဥ၏အောက်ခြေမှ သဇင်ပန်းများ ပွင့်လာခြင်းဖြစ်သည်။ ယခုလို ဆောင်းလအခါတွင် မြောက်ပြန်လေတိုက်ခတ်လိုက်လျှင် ရခိုင်ပြည်နယ်တွင် သဇင်ပန်းရနံ့က ကြိုင်သင်းနေလေတော့သည်။

သဇင်ပန်းကို မင်္ဂလာသတို့သမီးနှင့်အလှူ့အစ်မများက ဈေးကြီးပေးကာ ဝယ်ယူ၍ ပန်ဆင်ကြသလို ဘွဲ့နှင်းသဘင်ကဲ့သို့သော အခမ်းအနားတို့တွင်လည်း အမျိုးသမီးငယ်များက အမြတ်တနိုးပန်ဆင်လာကြကာ ရခိုင်ပြည်နယ်၌ စီးပွားဖြစ်စိုက်ပျိုးကြသည်ကို တွေ့မြင်နေရသည်။ သဇင်ဥသည် အစိမ်းရောင်ရှိပြီး ၎င်းဥများကို ရေသောက်မြစ်ရှိသောအပင်များ၌ တွယ်ကပ်စိုက်ပျိုးခြင်း၊ အုန်းခွံ၊ အုန်းဆံများပတ်၍ စိုက်ပျိုးခြင်း၊ ပလတ်စတစ်ခြင်းကြီးများထဲတွင် စိုက်ပျိုးခြင်း စသည့်နည်းမျိုးစုံဖြင့် စိုက်ပျိုးနေကြသည်။ သဇင်ပန်းများသည် ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများတွက်ခြေကိုက်သည်။ ပူနွေးစိုစွတ်သော ရာသီဥတုရှိသည့် ရခိုင်ဒေသနှင့်ကိုက်ညီ၍ နတ်တော်လတွင် သဇင်ပန်းများက လှိုင်လှိုင်ပွင့်သည်။

တချို့က သဇင်ပန်းစိုက်ပျိုးနည်းကို ကောင်းစွာမသိရှိ၊ ပြုစုပျိုးထောင်မှုအားနည်း၍ မဖြစ်ထွန်းဘဲရှိနေတတ်သည်။ သဇင်ပန်းစိုက်ပျိုးခြင်းတွင် သစ်သားတိုင်ကို အုန်းဆံပတ်၍စိုက်ပျိုးခြင်း၊ မြေအိုးငယ်များကို အသုံးပြု၍စိုက်ပျိုးခြင်း စသည့်နည်းစနစ်များဖြင့် စီးပွားဖြစ် အမြောက်အမြားစိုက်ပျိုးနိုင်သည်။ ရခိုင်ဒေသမှ သဇင်ပန်းစိုက်ပျိုးသူတို့အဖို့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စသောမြို့ကြီးများသို့ ကား၊ လေယာဉ်တို့ဖြင့် တင်ပို့ရောင်းချ၍ စီးပွားရေးအဆင်ပြေကြသည်။

စာရေးသူနှင့်ရင်းနှီးသော သဇင်ပန်းစီးပွားဖြစ်စိုက်ပျိုးနေသူတစ်ဦးက "မြန်မာနိုင်ငံ ဈေးကွက်မှာဆိုရင် ရခိုင်သဇင်၊ ထားဝယ်သဇင်တို့က လူကြိုက်များတယ်။ အမျိုးသမီးအားလုံးလိုလိုက သဇင်ပန်းကို မကြိုက်သူမရှိ။ ဈေးကွက် အထူးတလည်ရှာနေစရာမလို၊ သဇင်ပန်းမြတ်နိုးသူတွေက ကျွန်တော့်ခြံကို တကူးတက လာရောက်ဝယ်ယူနေကြတယ်။ ဒါပေမဲ့ စိုက်တဲ့လူတိုင်းလဲ မဖြစ်ထွန်းကြ။ သဇင်ပန်းကို စိုက်ပျိုးရာမှာ အုန်းဆံထဲရှိ အချဉ်၊ အဖန်ဓာတ်တွေ ထွက်သွားဖို့ တစ်ပတ်လောက် ရေလောင်းတာကို ဦးစွာပြုလုပ်ပေးရတယ်။ အုန်းဆံမှာပါတဲ့ အချဉ်၊ အဖန်ဓာတ်တွေ ကုန်သွားတဲ့အခါမှ သဇင်ဥကို စိုက်ပျိုးရတာပါ။ ပြီးမှ သဇင်မျိုးဥတွေကို ပင်အပ်ငယ်တွေနဲ့ အုန်းဆံကြိုးပတ်ထားတဲ့တိုင်မှာ ခပ်စောင်းစောင်းလေးစိုက်ပေးရတယ်။ ဒါမှအမြစ်တွယ်ကပ်မှာ။ သဇင်ဥကို တိုက်ရိုက်ရေမလောင်းဘဲ စိုက်ထားတဲ့ အုန်းဆံဖတ်ပေါ်ကို ရေလောင်းပေးရတယ်။ မိုးမကျခင်ကြိုတင်ပြီး စိုက်ပျိုးသူတွေကတော့ စိုက်ပြီးတဲ့အချိန်ကစပြီး ရေကိုလှိုင်လှိုင်လောင်းဖို့ လိုအပ်ပါတယ်။ အရွက်ကြွေခါနီး ဒါမှမဟုတ်ရင် ပန်းခိုင်စထွက်တဲ့အချိန်မှာတော့ ရေကိုလျှော့ပြီး လောင်းပေးရမှာပါ။ နှိုးညှာတံကနေ ပန်းထွက်လာရင်တော့ ရေနဲ့ပန်းခိုင်ကို မထိစေဖို့အတွက် အထူးဂရုပြုပေးရမယ်။ သဇင်ပန်းကိုတော့ မြေဩဇာအနေနဲ့ နွားချေးကို ရေနဲ့ရောပြီး ဖျော်လောင်းပေးလို့လဲရပါတယ်။ သဇင်ပန်းမျိုးဥတွေကို အနည်းဆုံး တစ်လက်မခန့်ခွာပြီး ခြား၍ အတန်းလိုက် စိုက်ပေးရတယ်။ မျိုးဥတွေကို နေရာခွဲပြီး စိုက်ပျိုးမှသာ သဇင်ပန်းခူးတဲ့အချိန်မှာ အဆင်ပြေပြီးတော့ ဥတက်အသစ်ကို ထပ်မံစိုက်ပျိုးနိုင်မှာမို့လို့ပါ။ သဇင်ပန်းမျိုးဥထဲကနေ ဥအများအပြားမထွက်ဘဲ မူရင်းမျိုးဥရဲ့အောက်ခြေဘေးကနေ မျိုးဥတစ်ခုတည်းသာထွက်တယ်။ သဇင်ပန်းပွင့်လာချိန်မှာ နှင်းရည်သောက်ခွင့်ရပြီဖြစ်လို့ ရေများများလောင်းပေးစရာမလိုတော့ပါဘူး။ နေရောင်ခြည်ပူပူပြင်းပြင်းကို တိုက်ရိုက်မရရှိအောင် အရိပ်ရဖို့နဲ့ သင့်တင့်မျှတတဲ့အပူချိန်ကိုတော့လိုအပ်ပါတယ်။ ပြီးတော့ သဇင်ပန်းစိုက်ပျိုးခြံက ကွမ်းခြံတွေလို ရှေးအယူအဆတွေရှိပါတယ်။ ပြောရရင် မီးနေသည်မဝင်ရ၊ အမျိုးသမီးတွေအနေနဲ့ ကိုယ်ခန္ဓာမသန့်စင်တဲ့အချိန် မဝင်ရ၊ ဒါတွေကိုလဲ သိထားဖို့လိုတယ်။ တစ်ခါတလေမှာ ပိုးကျရင် ပိုးသတ်ဆေးဖျန်းပေးရမယ်။ အမျိုးသမီးတွေအနေနဲ့ သဇင်ပန်းကိုပန်လိုက်ရင် ကျက်သရေရှိသွားလို့ လူတိုင်း ဈေးသက်သက်သာသာနဲ့ ပန်ဆင်နိုင်အောင် ဝါသနာကိုအရင်းခံပြီး စိုက်ပျိုးထားတာပါ"ဟု ပြောဆိုထားသည်။ သဇင်ပန်းမျိုးဥများကို အမ်း၊ တောင်ကုတ်စသည့် ရခိုင်ရိုးမနှင့်နီးသည့်မြို့များမှ သဇင်ဥများကို ၎င်းကဝယ်ယူစိုက်ပျိုးခြင်းဖြစ်သည်။ တချို့ကိုပလက်ဝမြို့မှလည်း ဝယ်ယူသည်ဟု သိရှိခဲ့ရသည်။

ကမ္ဘာပေါ်တွင် သဇင်ပန်းအမျိုးအစား ၂၀၀၀ ကျော်ရှိသည်။ သဇင်ဥများသည် အများအားဖြင့် စိမ်းညိုရောင်ဖြစ်သည်။ သဇင်ပန်းသည် ဥတက်သစ်ခွမျိုးဖြစ်သည်။ အမြစ်များကသေးငယ်ပြီး ဥတက်၏အရင်းတွင် ဖွာနေလေ့ရှိသည်။ ဥတက်၏အရောင်က အစိမ်းရောင်ရှိပြီး ထိုဥတက်၏ ထိပ်ပေါ်တွင် အရွက်နှစ်ရွက် သို့မဟုတ် တစ်ရွက်ပါရှိသည်။ မျိုးဥ၏ အခြေမှ ပန်းခိုင်စပြီးထွက်သည်။ ပန်းခိုင်များမှာ ဥတက်အသစ်မှ ထွက်ခြင်းဖြစ်သည်။ သဇင်ပန်းက ပွင့်ပြီးသွားလျှင် အပွင့်တံမှထွက်သည့် ထိုမျိုးဥကိုသာ ပြန်စိုက်ရသည်။ အရွက်၏အရောင်မှာ မျိုးဥကဲ့သို့ အစိမ်းရောင်ဖြစ်ပြီး အရွက်ကြွေပြီးလျှင် ဖူးတံထွက်ကာ သဇင်ပန်းပွင့်ခြင်းဖြစ်သည်။ သဇင်ပန်းသည် အရိပ်ကိုကြိုက်ပြီး လေဝင်၊ လေထွက်ကောင်းမွန်သည့်နေရာ၌ စိုက်ပျိုးရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးရိုးမနှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သဇင်ပန်းများ ပေါက်ရောက်သည်။ သဇင်ပန်း၏ မျိုးဥတန်ဖိုးသည် အခြားမျိုးစေ့များထက် ဈေးနှုန်းကြီးမားသည်။

နိဂုံးချုပ်ရပါလျှင် သဇင်ပန်း၊ သဇင်ဥတို့က ဆေးဖက်ဝင်၏။ ဆေးဆရာတို့သည် တိုင်းရင်းဆေးဖော်စပ်ရာ၌ အလွန်စွမ်းသော သဇင်နီနှင့် သဇင်နက်တို့ကိုရှာဖွေ၍ ဆေးဖော်စပ်ကြသည်။ သဇင်ဥကို အမှုန့်ကြိတ်ပြီး နွယ်ချိုမှုန့်တို့နှင့် ဆတူအချိုးကျရောစပ်၍ တိုက်ကျွေးလျှင် အစာအိမ်နှင့်ပတ်သက်သောရောဂါများပျောက်ကင်းသည်။ အဝါရောင်သဇင်ပန်းကို ရှူပေးလျှင် မူးမော်ခြင်း၊ နှလုံးမကြည်လင်သွေးဆူခြင်းများကိုပျောက်ကင်းစေသည်။ နတ်တော်လတွင်ပွင့်သည့် သဇင်ပန်းကို တော်ဝင်ပန်းအဖြစ် မြန်မာအမျိုးသမီးများက အမြတ်တနိုးတန်ဖိုးထားပန်ဆင်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။

**❖ ဆောင်းဦးရာသီ၊ နှင်းများတဖြောက်ဖြောက်ကျရောက်သည့် ယခုလို နတ်တော်လတွင် ပျိုတိုင်းကြိုက်သည့် သဇင်ပန်းများ ရနံ့သင်းသင်းဖြင့် ပွင့်နေသည်။ ဖွေးဖွေးလှုပ်နေသည့် ပန်း၏ရိုးတံက ကွေးညွတ်နေသည်။ ပန်း၏ပွင့်ဖတ်အရောင်က အဖြူရောင်ဖြစ်သည်။ သဇင်ဥများမှ ပွင့်လန်းလာသော သဇင်ပန်းခက်များက ရိုးတံရှည်ပြီး ပန်းသားပြည့်ကာ ပန်းရနံ့ကလည်း မွှေးပျံ့သင်းလှိုင်သော တော်ဝင်သဇင်ပန်းကို အမျိုးသမီးအားလုံးက ကြိုက်နှစ်သက်ကာ အမြတ်တနိုး ပန်ဆင်လိုကြသည်။ ❖**

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၂)**
- **ဖိုးသာဝ၊ ဂမုန်းညွန်းကျမ်း(ပထမတွဲ)**

# စနေနေ့ညမှာ ရာသီဝက်မကုန်ဆုံးခင် တန်းဆင်းဇုန်ကလွတ်ဖို့ကြိုးပမ်းနေတဲ့ အဲဗာတန်အသင်း၊ ကက်ဂလီယာရီအသင်းတို့ကို အားပေးရမှာပါ

M L



အခုတစ်ပတ်စနေနေ့ညမှာ ပရီးမီးယားလိဂ်နဲ့ စီးရီးအေပြိုင်ပွဲတွေသာ ရှိတာကြောင့် အသင်းကြီးတွေ့ဆုံမှုတွေကိုရှောင်ပြီး ခြေရည်တူအသင်း ထိပ်တိုက်တွေ့ဆုံမှုတွေကိုသာ ချဉ်းကပ်ရမှာဖြစ်ပါတယ်။ စပိန်လာလီဂါ၊ ဂျာမန်ဘွန်ဒက်လီဂါ၊ ပြင်သစ်လီဂူးတို့ကတော့ ပြီးခဲ့တဲ့ရက်သတ္တပတ်ကတည်းက ခရစ္စမတ်အားလပ်ရက်ကာလ ရပ်နားသွားခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် ဒီတစ်ပတ်ပွဲစဉ်တွေမှာ ရွေးချယ်စရာနည်းပါးနေပေမဲ့ ရာသီဝက်မကုန်ဆုံးခင် တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ကြိုးပမ်းနေတဲ့ အသင်းတွေကို ဦးစားပေးရွေးချယ်မှာဖြစ်ပြီး အဲဒီထဲက အသင်းလိုက် ကစားအားနဲ့ တိုက်စစ်ပိုင်းထက်မြက်တဲ့အသင်းကိုပဲ အားပေးသွားမှာ ဖြစ်ပါတယ်။

### အဲဗာတန်အသင်း ရလဒ်ကောင်းမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ်(၂၀)မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဝုဗ် အသင်းနဲ့ အဲဗာတန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝုဗ်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ချဲလ်ဆီးအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့ပေမဲ့ အသင်းရဲ့ ကစားကွက်ပိုင်းမှာတော့ လစ်ဟာမှုတွေရှိနေပြီး ချဲလ်ဆီးအသင်း တိုက်စစ်မှူးတွေ အခွင့်အရေးတွေအသုံးမချနိုင်လို့သာ နိုင်ပွဲရသွားတယ်လို့ဆိုရမှာပါ။ လက်ရှိနည်းပြ အိုနေးရဲ့ လက်အောက်မှာတော့ သူတို့အသင်းဟာ အိမ်ကွင်းကစားပုံကျစ်လျစ်မှုရှိနေပြီး နောက်ဆုံးအိမ်ကွင်းခုနစ်ပွဲဆက်မှာ မန်စီးတီးကိုနှစ်ဂိုးတစ်ဂိုး၊ အေဗီလာကိုတစ်ဂိုးစီသရေ၊ နယူးကာဆယ်ကို နှစ်ဂိုးစီသရေ၊ စပါးအသင်းကိုနှစ်ဂိုးတစ်ဂိုး၊ ဘန်လေအသင်းကို တစ်ဂိုးဂိုးမရှိ၊ နော့တင်ဟမ်အသင်းကို တစ်ဂိုးစီသရေနဲ့ ချဲလ်ဆီးအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးရခဲ့သလို တိုက်စစ်ပိုင်းက ဆာရာဘီးယား၊ ကန်ဟာ၊ ဟီချန်ဝမ်တို့ ခြေစွမ်းပြကစားနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ဘန်လေ၊ နော့တင်ဟမ်၊ ချဲလ်ဆီးအသင်းတို့ဟာ တိုက်စစ်ပိုင်းခြေစွမ်း တည်ငြိမ်မှုမရှိခဲ့တာကြောင့် ဝုဗ်အသင်းရလဒ်ပိုင်းကောင်းခဲ့တယ်လို့ ဆိုရမှာပါ။ သူတို့အသင်းဟာ လက်ရှိအမှတ်ပေးဇယားမှာတော့ ၁၈ ပွဲမှာ ခြောက်ပွဲနိုင်၊ လေးပွဲသရေ၊ ရှစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၁၂)မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းက သွင်းဂိုး ၂၃ ဂိုး ရခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုး ၃၀ ထိရှိခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ ဝုဗ်အသင်းဟာ ချဲလ်ဆီးအသင်းကိုနိုင်ခဲ့တဲ့အရှိန်ကြောင့် အားပေးချင်စရာကောင်းနေပေမဲ့ ပြိုင်ဘက်အဲဗာတန်အသင်းရဲ့ တိုက်စစ်မှူး ကယ်ဘက်လေဝင်ဟာ ဂိုးသွင်းသေချာတဲ့ တိုက်စစ်မှူးဖြစ်တာကြောင့် ပြီးခဲ့တဲ့ပွဲစဉ်ကအမှားတွေကို မပြင်နိုင်ခဲ့ရင်တော့ အခုပွဲစဉ်မှာ ရမှတ်ခွဲယူဖို့တောင် ခက်ခဲသွားနိုင်ပါတယ်။

နည်းပြဒိုက်ချီရဲ့ အဲဗာတန်အသင်းဟာ ၁၀ မှတ်လျှော့ပြစ်ဒဏ်ကြောင့် တန်းဆင်းဇုန်ထဲကျရောက်ခဲ့ပေမဲ့ ပြိုင်ပွဲတိုင်း ကြိုးစားအားထုတ်မှုကောင်းခဲ့လို့ အမှတ်ပေးပွဲလေးပွဲဆက်ထိ နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ပြီးခဲ့တဲ့ပွဲစဉ်မှာ တိုက်စစ်ပိုင်းကောင်းတဲ့ စပါးအသင်းကို အဝေးကွင်းမှာ နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီး တန်းဆင်းဇုန်ဖိအားအောက် ပြန်ရောက်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ အဲဗာတန်အသင်းဟာ စပါးအသင်းကို အပြန်အလှန်ဖိအားပေးနိုင်ပေမဲ့ စပါးအသင်းရဲ့ လျင်မြန်တဲ့တိုက်စစ်ကြောင့် မထင်မှတ်ဘဲ ဦးဆောင်ဂိုးတွေပေးလိုက်ရသလို သူတို့အသင်းရဲ့ ချေပဂိုးတစ်ဂိုးကလဲ VAR နဲ့ပယ်ဖျက်ခံရတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ ကွင်းလယ်ကစားသမား ဂိုမက်ဇ်ရဲ့သွင်းဂိုးတစ်ဂိုးနဲ့ကျေနပ်ခဲ့ရပြီး နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပေမဲ့ ကစားကွက်ပိုင်းကတော့ စပါးအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်ခဲ့တာကို တွေ့ရမှာပါ။ နည်းပြဒိုက်ချီရဲ့ ကစားကွက်ဟာ ခံစစ်အသားပေးကစားပေမဲ့ တန်ပြန်တိုက်စစ်မှာ ကယ်ဘက်လေဝင်နဲ့ တောင်ပံကစားသမားတွေရဲ့ လုပ်အားနှုန်းကြောင့် ပြိုင်ဘက်အသင်းတွေအတွက် ထိန်းချုပ်ရခက်နေတာဖြစ်ပါတယ်။ အဲဗာတန်ဟာ လက်ရှိ ၁၈ ပွဲအပြီးမှာ ရမှတ် ၁၆ မှတ်သာရရှိခဲ့တာကြောင့် အဆင့်(၁၇)မှာရောက်ရှိနေပြီး တန်းဆင်းဇုန်က လူတန်နဲ့ ရမှတ်တစ်မှတ်သာ ကွာဟနေတာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အခုပွဲစဉ်ကို ရှုံးခဲ့ရင် တန်းဆင်းဇုန်ထဲရောက်ဖို့ သေချာနေတာဖြစ်လို့ ဝုဗ်အသင်းနဲ့ပွဲစဉ်ကို မဖြစ်မနေနိုင်ပွဲရှာရမှာဖြစ်ပါတယ်။ လက်ရှိသူတို့အသင်းရဲ့ ကစားသမားစုဖွဲ့မှုနဲ့ ကစားပုံကလဲ ဝုဗ်အသင်းကို ယှဉ်နိုင်တဲ့အနေအထားရှိပါတယ်။ ဒါပေမဲ့ ကွင်းလယ်ကစားသမား ဒိုကိုရေးက ဒဏ်ရာကြောင့် ပါဝင်ဖို့ မသေချာလို့ တိုက်စစ်ကစားအားကျဆင်းသွားနိုင်ပါတယ်။

အခုပွဲစဉ်မှာ အိမ်ကွင်းနောက်ဆုံးခုနစ်ပွဲဆက် အနိုင်ရထားတဲ့ ဝုဗ်အသင်းရဲ့ အကျောပေးမှုက သရေရလဒ်ထွက်ပေါ်ရင်တောင် ခပ်ပါးပါးပဲ ရှုံးမဲ့အခြေအနေက အိမ်ရှင်ကို အကြိုက်များအောင် ဆွဲဆောင်ထားသလို အဲဗာတန်ရဲ့ကစားအားကို လျှော့မတွက်ရဲတာကိုလဲတွေ့ရမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းနဲ့အကျောပေးမှုတွေအရ တန်းဆင်းဇုန်ကလွတ်ဖို့ ကြိုးစားရမဲ့ အဲဗာတန်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**ဝုဗ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၂ | - | ၁ | ဝုဗ် |
| ဝုဗ် | ၁ | - | ၀ | ဘန်လေ |
| ဝုဗ် | ၁ | - | ၁ | နော့တင်ဟမ် |
| ဝက်စ်ဟမ်း | ၃ | - | ၀ | ဝုဗ် |
| ဝုဗ် | ၂ | - | ၁ | ချဲလ်ဆီး |

**အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၃ | - | ၀ | နယူးကာဆယ် |
| အဲဗာတန် | ၂ | - | ၀ | ချဲလ်ဆီး |
| ဘန်လေ | ၀ | - | ၂ | အဲဗာတန် |
| အဲဗာတန် | ၁ | - | ၁ | ဖူလ်ဟမ် |
| စပါး | ၂ | - | ၁ | အဲဗာတန် |

### ကက်ဂလီယာရီအသင်းကို အားပေးရမှာပါ

စီးရီးအေပွဲစဉ်(၁၈)မှာအကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ကက်ဂလီယာရီအသင်းနဲ့ အမ်ပိုလီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ကက်ဂလီယာရီအသင်းဟာ ပွဲစဉ်(၁၇)အပြီးမှာ သုံးပွဲနိုင်၊ လေးပွဲသရေ၊ ၁၀ ပွဲရှုံးရလဒ်ကြောင့် ရမှတ် ၁၃ မှတ်သာရခဲ့ပြီး အဆင့်(၁၈) တန်းဆင်းဇုန်ထဲရောက်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြရာနီရေးရီရဲ့ ကစားကွက်အောက်မှာ အသင်းလိုက်ကစားအားကောင်းခဲ့ပေမဲ့ နောက်ဆုံးငါးပွဲမှာ လာဇီယို၊ နာပိုလီတို့လို အသင်းကြီးတွေနဲ့ ပွဲကျပ်ကစားရလို့ ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အိမ်ကွင်းမှာမွန်ဇာကို တစ်ဂိုးစီသရေ၊ ဆက်ဆူအိုလိုကို နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးပွဲစဉ်မှာတော့ ဗီရိုနာကို အဝေးကွင်းမှာ တစ်ယောက်လျော့နဲ့ကစားခဲ့ရပြီး နှစ်ဂိုးပြတ်ရှုံးခဲ့တာကြောင့် တန်းဆင်းဇုန်ထဲရောက်ခဲ့တာကိုတွေ့ရမှာပါ။ နည်းပြ ရာနီရေးရီရဲ့ ၄-၃-၂-၁ ကစားကွက်နဲ့ ခံစစ်အသားပေးကစားပေမဲ့ဖြတ်တင်ဘောတွေ၊ အမြင့်ဘောတွေကိုအသုံးပြုကစားတဲ့ နည်းစနစ်ပိုင်းကြောင့် ခံစစ်အား နည်းတဲ့အသင်းတွေဆို အမြဲတမ်းဂိုးပေးနေရတာဖြစ်ပါတယ်။ သူဟာ ပရီးမီးယားလိဂ်မှာလဲ လက်စတာလိုအသင်းကိုတောင် ဒီကစားကွက်နဲ့ဦးဆောင်ပြီး ပရီးမီးယားလိဂ်ဆုဖလားကို ရယူနိုင်ခဲ့တဲ့သူဖြစ်ပါတယ်။ သူ့ရဲ့ နည်းစနစ်ပိုင်းနဲ့ ကစားကွက်ပိုင်းကို ဝါရင့်နည်းပြတွေနဲ့ကြံ့ခိုင်မှု အားကောင်းတဲ့အသင်းတွေသာ ယှဉ်နိုင်ဖို့များတာကြောင့် အမ်ပိုလီ နည်းပြသစ် အန်ဒရီယာဂိုလီအနေနဲ့ ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ပါ့မလား ဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ အခုပွဲစဉ်ဟာ နှစ်သင်းစလုံး အတွက်အရေးကြီးနေပြီး နိုင်တဲ့အသင်းက တန်းဆင်းဇုန်က လွတ်မြောက်မှာဖြစ်ပေမဲ့ ကက်ဂလီယာရီအသင်းက အိမ်ကွင်းကစားအားကောင်းနေတာကြောင့် အမ်ပိုလီအသင်းရှုန်းကန်ရဖို့များပါတယ်။ အခုပွဲစဉ်မှာလဲ ကစားသမားသုံးယောက်ကလွဲရင် အဓိက ကစားသမားအားလုံးပါဝင်ကစားနိုင်မှာဖြစ်တာကြောင့် ကစားအားကျဆင်းသွားမှာမဟုတ်ဘဲ ကက်ဂလီယာရီအသင်း အိမ်ကွင်းရလဒ်ကောင်းကို ဆက်ထိန်းနိုင်မှာသေချာပါတယ်။

အမ်ပိုလီအသင်းဟာ နည်းပြဇန်နက်တီလက်ထက်မှာ ရလဒ်ပိုင်းကျဆင်းခဲ့တာကြောင့် ပြီးခဲ့တဲ့ စက်တင်ဘာလမှာ နည်းပြ အန်ဒရီယာဂိုလီကို ခန့်အပ်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုး ကိုးဂိုးထိ ရှိခဲ့တာကိုသတိပြုရမှာပါ။ သူတို့အသင်းနည်းပြသစ်ကလဲ ၄-၃-၂-၁ ကစားကွက်နဲ့ပဲ ခံစစ်အားပြုကစားနေတဲ့အသင်းဖြစ်ပေမဲ့ အဓိက ကစားသမားတွေဖြစ်တဲ့ ပက်ဇယ်လာ၊ ကာပူတိုတို့အပါအဝင် ကစားသမားလေးယောက်ထိ ဒဏ်ရာရနေတာကြောင့် ရလဒ်ပိုင်းဆိုးရွားခဲ့သလို အရန်ကစားသမားအင်အားမရှိတာကလဲ သူတို့အသင်းကို တန်းဆင်းဇုန်ကရုန်းထွက်ဖို့ ခက်ခဲစေတာဖြစ်ပါတယ်။ လက်ရှိ အမှတ်ပေးဇယားမှာတော့ သုံးပွဲနိုင်၊ သုံးပွဲသရေ၊ ၁၁ ပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၂ မှတ်သာရရှိခဲ့တာကြောင့် အဆင့်(၁၉)မှာ ရပ်တည်နေပြီး ကက်ဂလီယာရီနဲ့ ရမှတ်တစ်မှတ်သာ ကွာဟနေတာဖြစ်ပါတယ်။ အမ်ပိုလီအသင်းအနေနဲ့ တိုက်စစ်ပိုင်းက ကာပူတိုမပါနိုင်တဲ့ပွဲတွေမှာ လူငယ်ကစားသမားတွေကိုသာ ထည့်သွင်းအသုံးပြုနေရတာကြောင့် အတွေ့အကြုံပိုင်းနဲ့ နည်းစနစ်ပိုင်း လိုအပ်ချက်တွေ ပိုများခဲ့ပြီး ဂိုးရဖို့ခက်ခဲခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲဆက်မှာ တိုက်စစ်ပိုင်းက ဂိုးမရခဲ့ဘဲ ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။

အခုပွဲစဉ်ဟာ ခြေရည်တူနှစ်သင်းတွေ့ဆုံနေပေမဲ့ ကက်ဂလီယာရီအသင်းက အိမ်ကွင်းကစားပုံမာကျောပြီး ကစားအားကောင်းနေတဲ့ အသင်းဖြစ်နေတာကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့ အမ်ပိုလီအသင်း ပွဲချိန်ပြည့်ထိန်းချုပ်ကစားဖို့မလွယ်ပါဘူး။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု ရှစ်ကြိမ်မှာ ကက်ဂလီယာရီက နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့ပေမဲ့ လက်တလောခြေစွမ်းပိုင်းနဲ့ကစားပုံကြောင့် အိမ်ရှင် ကက်ဂလီယာရီအသင်းကိုပဲ အားပေးရမှာပါ။

**ကက်ဂလီယာရီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကက်ဂလီယာရီ | ၁ | - | ၁ | မွန်ဇာ |
| လာဇီယို | ၁ | - | ၀ | ကက်ဂလီယာရီ |
| ကက်ဂလီယာရီ | ၂ | - | ၁ | ဆက်ဆူအိုလို |
| နာပိုလီ | ၂ | - | ၁ | ကက်ဂလီယာရီ |
| ဗီရိုနာ | ၂ | - | ၀ | ကက်ဂလီယာရီ |

**အမ်ပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | ၃ | - | ၄ | ဆက်ဆူအိုလို |
| ဂျီနိုအာ | ၁ | - | ၁ | အမ်ပိုလီ |
| အမ်ပိုလီ | ၁ | - | ၁ | လက်ချီ |
| တိုရီနို | ၁ | - | ၀ | အမ်ပိုလီ |
| အမ်ပိုလီ | ၀ | - | ၂ | လာဇီယို |







## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာနေ ဒေါ်မာမာ မှ **(1) Great (2) Emperor (3) Power** တံဆိပ် (၃)မျိုးအနက်မှ သင့်လျော်သော အမည်အမှတ်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝှမ်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဒေါ်မာမာ ထံတွင် လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မာမာ (၉/မနတ(နိုင်)၀၀၁၁၂၀)**

**၀၉-၉၆၈၄၉၀၉၄၄**

## အမည်ပြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေ(အရှေ့)ရပ်ကွက်နေ ဦးနိုင်လင်းဦး (ခ)အောင်ကျော်စိုး-ဒေါ်နွေးနွေးကျော် တို့၏သား မောင်ဟိန်းဇော်လင်း အား မောင်ဟိန်းသန့်ဇင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းသန့်ဇင်**

## ဦးသာထွေး (၈/ရနခ(နိုင်)၀၃၂၄၃၂) နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ဒေါ်နန်းဆိုဖီယာပန်း(၁၄/ဒဒရ(နိုင်)၁၀၂၆၃၂)၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးဇော်ဝင်း (၉/မမန(နိုင်)၀၁၇၀၄၂)၊ အမှတ်(၉၈)၊ (၈)လမ်း၊ (၇)ကွက်၊ ရ. က. က(၄) ပြင်ဦးလွင်မြို့နေသူမှ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ညောင်နီကျေးရွာအုပ်စု၊ ကွင်းအမှတ်(ပြင်)၊ ဦးပိုင်အမှတ် (N-၂၆၈/က)(N-၂၆၈/ခ)(N-၂၇၅/ခ) မြေကွက်(၃)ကွက်အား (၉-၂-၂၀၂၃)နေ့တွင် အရောင်းအဝယ် စရန်ပေးကတိစာချုပ်ချုပ်ဆို၍ ဦးသာထွေး ထံမှ ဒေါ်နန်းဆိုဖီယာပန်း ဝယ်ယူခဲ့ပါသည်။ ရောင်းဝယ်ရာမြေနှင့်ပတ်သက်၍ ဆက်စပ်စာချုပ်များကို ဦးသာထွေး မှ စုံလင်အောင်မပေးခြင်း၊ ဦးပိုင်အမှတ်(N-၂၆၈/ခ)မြေအား ဦးသာထွေး က ဥပဒေနှင့်အညီ ပိုင်ဆိုင်မှုမရှိဘဲ ဒေါ်နန်းဆိုဖီယာပန်း ထံ ရောင်းချခဲ့ခြင်းအား ယနေ့တိုင် ပြေလည်အောင်ဖြေရှင်းမပေးသဖြင့် အပြီးသတ်ငွေအကြေပေးချေရန် အကြိမ်ကြိမ်ပျက်ကွက်ခဲ့ရပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဦးသာထွေး မှ ဒေါ်နန်းဆိုဖီယာပန်း ထံ (၁၅-၁၂-၂၀၂၃) နေ့တွင် ပေးပို့သောအကြောင်းကြားစာအပေါ် ဒေါ်နန်းဆိုဖီယာပန်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးဇော်ဝင်း မှ (၂၁-၁၂-၂၀၂၃)နေ့တွင် အကြောင်းပြန်ကြားခဲ့ပါသည်။ ထိုအကြောင်းပြန်ကြားစာပါအတိုင်း ဦးသာထွေး မှ ဆောင်ရွက်ပေးခြင်းမရှိခဲ့ပါ။

သို့ဖြစ်ပါ၍ ဒေါ်နန်းဆိုဖီယာပန်း လက်ဝယ်ရှိ ဦးပိုင်အမှတ် (N-၂၆၈/က)၊ (N-၂၇၅/ခ)မြေကွက်များအား ဦးသာထွေး အပါအဝင် မည်သူတစ်ဦးတစ်ယောက်ကမျှ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် အသိပေးတားမြစ်အပ်ပါသည်။ ထိုမြေ(၂)ကွက်နှင့်ပတ်သက်၍ ဒေါ်နန်းဆိုဖီယာပန်း မှ မိမိပိုင်ဆိုင်မှုခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးသာထွေး နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း**

**(ဒေါ်နန်းဆိုဖီယာပန်း ၏ အထွေထွေကိုယ်စားလှယ်စာရသူ)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြစ်ငယ်မြို့၊ အ. ထ. က (မြစ်ငယ်)၊ ၂၀၀၄-၂၀၀၅ပညာသင်နှစ်၊ နဝမတန်း၊ ခုံအမှတ်(န-၁၅၉)ဖြင့် တက်ရောက်အောင်မြင်ခဲ့သော မယမင်းသူ (ဘ) ဦးတင်ဝင်း နှင့် မသူဇာအေး (၉/အမရ(နိုင်)၁၆၆၁၃၂) သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မသူဇာအေး(ခ)မယမင်းသူ**

**(၉/အမရ(နိုင်)၁၆၆၁၃၂)**

## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်နေ (ဘ) ဦးတိုးကြွယ်စိုး (၁၂/သဃက(နိုင်)၁၆၂၃၉၆)၏ သား မောင်လင်းသုတထွန်း ၏မွေးသက္ကရာဇ်အမှန်မှာ ဖွားစာရင်းအရ ၁၀-၆-၂၀၁၂ ဖြစ်ပါကြောင်း။

**၁၀-၆-၂၀၁၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ လက်ဝဲကျေးရွာနေ မအိအိသွယ် (၉/စကတ(နိုင်)၁၂၉၉၆၈)၏ဖခင် ဦးမျိုးမြင့်ထွန်း၊ ဦးမင်းမင်း နှင့် ဦးမင်းသူ တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမျိုးမြင့်ထွန်း(ခ)ဦးမင်းမင်း(ခ)ဦးမင်းသူ**

**(၉/မနမ(နိုင်)၀၀၂၆၄၇)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဖောင်ရွာရပ်ကွက်နေ ဦးပေါ်လာ-ဒေါ်ငြိမ်း တို့၏သား **မောင်သန်းဇော်လင်း (၉/ကဆန(နိုင်)၁၀၈၈၄၆)** သည် မိဘနှစ်ပါးတို့၏ဆိုဆုံးမမှုကို နားမထောင်ဘဲ ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဖခင်-ဦးပေါ်လာ(၉/ကဆန(နိုင်)၀၀၉၃၁၅)**

**မိခင်-ဒေါ်ငြိမ်း(၉/ကဆန(နိုင်)၀၀၉၃၁၄)**

## ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နယ်၊ သီးကုန်းကျေးရွာနေ ဦးဝင်းနိုင် (ဘ) ဦးတင်ဆောင် (၉/ပဘန(နိုင်)၁၂၆၁၀၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-871540) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၉၇၈၂၅၉၂၆**

❖ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဆိုတာ အများစုက ရွေးချယ်တဲ့ကိစ္စ၊ အများစုရဲ့ ဆန္ဒကို ဥပဒေနဲ့အညီ စီမံဖော်ဆောင်ခြင်းဖြစ်ပါတယ်။ အလားတူ ဒီမိုကရေစီရဲ့ကျင့်စဉ်အရ အနည်းစုရဲ့ဆန္ဒကိုလည်း လေးစားတန်ဖိုးထားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ထူထောင်ဖို့၊ ဒီမိုကရေစီစနစ်မယိုင်လဲစေဖို့ လိုအပ်ချက်ကတော့ ဒီမိုကရေစီစိတ်မွေးဖို့၊ စည်းကမ်းစနစ်ကျနတဲ့ ဥပဒေကို လေးစားတန်ဖိုးထားလိုက်နာတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာစေရေးပဲဖြစ်ပါတယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ပြုလုပ်သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# MGC 18th Junior Golf Open Championship 2023 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာဂေါက်သီးရိုက်အသင်း ၉ မိုင်တို့က ပူးပေါင်းကျင်းပသည့် MGC 18th Junior Golf Open Championship 2023 မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့နှင့် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ၉ မိုင်ပြည်လမ်းရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ၊ Junior Golf Myanmar(JGM) မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့်ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့်

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

**လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်ရရှိပြီးနောက် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက စိစစ်ပြီး ခွင့်ပြုမိန့်ကို ပြန်လည်ပယ်ဖျက်နိုင်ရေးဆောင်ရွက်**

စာမျက်နှာ - ၁၆

**ယခုဘဏ္ဍာနှစ်အတွင်း အသေးစား စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်း ၄၅ ကြိမ် ဖွင့်လှစ်ပေးထား**

စာမျက်နှာ - ၂

**MLWC မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပသွားမည်**

စာမျက်နှာ - ၉

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး ရှုဝေစံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563